ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့၊ (25-9-2005) (၄၇၂၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော ဗိုလ်ချုပ်ကြီးသူရရွှေမန်း ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန်　　စက်တင်ဘာ　　၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၈နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. M. Khairuzzaman၊ စစ်သံမှူး Brig-Gen, Helal Uddin Ahmed နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၅-၉-၂၀၀၅
(တနင်္ဂနွေနေ့)

ရော်ဘာကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုး

မျိုးကောင်းမျိုးသန့်ရော်ဘာပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူး

မြန်မာနိုင်ငံသည် မြေသယံဇာတပေါများကြွယ်ဝပြီး ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်သော နိုင်ငံဖြစ်သည်။ အချို့သော ပြည်နယ်နှင့်တိုင်းဒေသများတွင် မြေလွတ်မြေရိုင်းများစွာရှိပြီး စိုက်ပျိုးရေးဖြစ်ထွန်းနိုင်သည့် သဘာဝအခြေခံကောင်းများဖြင့်လည်း ပြည့်စုံလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်က အဆိုပါ အခြေခံကောင်းများစွာကို အကျိုးရှိရှိ အသုံးချပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် စီမံဖန်တီးပေးလျက်ရှိသည်။ အထူးသဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးအခြေအနေများ တိုးတက်မြင့်မားလာစေရန်နှင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က အားပေးကူညီ ဖြည့်ဆည်းပေးနေသည်ကို တွေ့ရသည်။

တိုင်းရင်းသားစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ဒေသခံတောင်သူများ အနေဖြင့် မိမိတို့ဒေသ၏ ရေမြေအခြေအနေပေးမှုကိုလိုက်၍ စပါးမစိုက်ပျိုးနိုင်သည့် တောင်ကုန်းများ၊ မြေလွတ်မြေရိုင်းများတွင် ရော်ဘာကဲ့သို့ စီးပွားဖြစ်ထွန်းနိုင်သည့် နှစ်ရှည်ပင်များကို တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်သည်။

တနင်္သာရီတိုင်းသည် မွန်ပြည်နယ်နှင့် ဆက်စပ်နေသည့်အပြင် ရော်ဘာစိုက်ပျိုးနိုင်သည့် အခြေခံကောင်းများ အပြည့်အဝရှိပြီး စိုက်ပျိုးရန် မြေလွတ်မြေရိုင်း များစွာရှိနေသည်ဖြစ်ရာ သုံးနှစ်အတွင်း ရော်ဘာဧက နှစ်သိန်းပြည့်မီစေရေး တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ယခုအခါ တနင်္သာရီတိုင်း၌ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ရော်ဘာစိုက် တောင်သူများက ရော်ဘာဧက တစ်သိန်းရှစ်ထောင်ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

မွန်ပြည်နယ်သည် တစ်နိုင်ငံလုံးတွင် ရော်ဘာအများဆုံး စိုက်ပျိုးနေသော ရော်ဘာစံပြ ပြည်နယ်ဖြစ်သည်နှင့်အညီ ပြည်နယ်အတွင်း ရော်ဘာစိုက်ဧက လေးသိန်းပြည့်မီရေး ကြိုးပမ်းစိုက်ပျိုးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာလ ၁၉ ရက်နေ့က မွန်ပြည်နယ်အတွင်း သွားရောက်၍ ရော်ဘာမျိုးပွားခြံများ၊ ရော်ဘာခြံများနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ခရီးစဉ်အတွင်း မုဒုံမြို့နယ် ကျုံဖိုက်ကျေးရွာရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ သုတေသနနှင့် မျိုးပွားခြံ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် ပြည်နယ်နှင့်တိုင်းများက မွန်ပြည်နယ်ကို အမှီပြု၍ ရော်ဘာများ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ အဆိုပါ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် ရော်ဘာမျိုးကောင်းမျိုးသန့် ပျိုးပင်များပိုမို ထုတ်လုပ်ဖြန့်ဖြူးကြရေးဆွေးနွေး မှာကြားသွားသည်။

ယခုအခါ မွန်ပြည်နယ်၌ ရော်ဘာစိုက်ဧက ၂ ဒသမ ၆ သိန်းကျော် ရှိသဖြင့် လျာထားသတ်မှတ်ထားသည့် ရော်ဘာဧက လေးသိန်းပြည့်မီနိုင်ရေး ထပ်မံတိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။ ယင်းသို့ ရော်ဘာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် ရော်ဘာပျိုးပင်သိန်း ၃၀၀ ကျော် ရရှိရန် ကြိုးပမ်းထုတ်လုပ်ကြရမည် ဖြစ်သည်။

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ရော်ဘာမျိုးသန့်မျိုးစေ့များကို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အတွင်း ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း (အနောက်)၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့သို့ ရော်ဘာမျိုးကောင်းမျိုးသန့်များပျိုးထောင်၍ ဆက်လက်ဖြန့်ဖြူးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ပဈေးကွက်ရှိပြီး တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းနိုင်သည့် ရော်ဘာကို ဒေသအများအပြား၌ စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ရော်ဘာစိုက်ပျိုးမှုတွင် ပင်ရင်းပြည်နယ်ဖြစ်သော မွန်ပြည်နယ်အနေဖြင့် မျိုးကောင်းမျိုးသန့် ရော်ဘာပျိုးပင်များ အပြည့်အဝထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ သတ်မှတ်စည်းကမ်းလိုက်နာ ခရီးသွားပြည်သူများအား ရိုင်းပျစွာ မဆက်ဆံရေး ပညာပေးကြပ်မတ်

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင်ရန်ကုန်တိုင်းလမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့အနေဖြင့် ရန်ကုန်မြို့တော်အတွင်း ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆ ဖြစ်မှုများ လျော့နည်းကျဆင်းစေရေး၊ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျ လိုက်နာကြစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ တာဝန်ရှိသူများ အပိုင်းက ကွပ်ကဲကြပ်မတ်မှုလျော့နည်းခြင်းမရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များကလည်း သတ်မှတ်စည်းကမ်း၊ စည်းမျဉ်းများ အတိုင်း တိကျစွာလိုက်နာ၍ မောင်းနှင်ပြေးဆွဲကြစေလိုကြောင်း၊ ယာဉ်မောင်းများနှင့် ယဉ်နောက်လိုက်များ အနေဖြင့် ခရီးသွားပြည်သူများအား နောက်ပြောင်ခြင်း၊ မထီမဲ့မြင်ပြုခြင်း၊ ရိုင်းပျစွာ ဆက်ဆံခြင်းများ မရှိစေရေးအတွက် တာဝန်ရှိသူများက ပညာပေးကြပ်မတ်၊ အရေးယူ ဆောင်ရွက်ကြစေလိုကြောင်းနှင့်ယာဉ်တိုက်ခိုက်မှုလျော့နည်းကျဆင်း စေရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက် ကြစေလိုကြောင်းဖြင့် ပြောကြားသည်။ထို့နောက်တက်ရောက်လာသူ များက မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းများကိုရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လူမှုဝန်ထမ်းဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား တရုတ်နှင့် အိန္ဒိယသံအမတ်ကြီးတို့ တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jin Jun **သည် ယမန်နေ့နံနက် ၁၀နာရီတွင် လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး** H.E. Mr. Bhaskar Kumar Mitra **သည် နံနက် ၁၁နာရီတွင် လည်းကောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး မေခလာခန်းမသို့ လာရောက်တွေ့ဆုံကြသည်။**

ထိုသို့ တွေ့ဆုံရာတွင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ရုံးအဖွဲ့မှူးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ ကကြီးမှူး၍ အထွေထွေရောဂါ၊ မိသားစု ကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ရေး ရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (Continuing Professional Development CPD Forum For General Practice Family Medicine)ကို စက်တင်ဘာ ၂၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီ အထိ မြန်မာနိုင်ငံ ဆရာဝန်အသင်း အဆောက်အအုံ အပေါ်ဆုံးထပ်၌ ကျင်းပမည်ဖြစ်ပြီး ယင်းဆွေးနွေးပွဲတွင် အမျိုးသမီး ကျန်းမာရေးစောင့်ရှောက်မှု စာတမ်း၊ အထွေထွေရောဂါကု ဆရာဝန်များအတွက် သိမှတ်စရာ ဥပဒေရေးရာ ဆေးပညာနှင့် သားဖွားမီးယပ်ပညာ ဆိုင်ရာ အမေးအဖြေများဖြင့် ဆွေးနွေးသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်သည်။

(သတင်းစဉ်)

ဆုချီးမြှင့်

စက်တင်ဘာ ၁၆ ရက်က ကျင်းပသည့် သန်လျင်မြို့နယ် အောင်ချမ်းသာ (ဂျမား)ရပ်ကွက် အ-မ-က(၂)၏ ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းက ဒုတိယတန်း ပထမဆုရ မဆုမြတ်နိုးသူအား ရွှေတံဆိပ်ဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

စက်တင်ဘာ ၂၄ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်း–ရှေ့ဖုံး) **(သတင်းစဉ်)**

စက်တင်ဘာ ၂၄ရက်က ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Mr. M Khairuzzaman**နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား အိန္ဒိယနှင့် နီပေါနိုင်ငံ သံအမတ်ကြီးများတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitraနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Lt-Gen (Rtd) Victory SJB Ranaတို့သည် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန ဌာနမှူး ရဲမှူးကြီးခမ်းအောင်နှင့် ရုံးအဖွဲ့မှူး ဦးကျော်စန်းတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra လာရောက်တွေ့ဆုံစဉ်။ (ပြည်ထဲရေး)

မြန်မာ့အသံ တိုင်းရင်းသား အစီအစဉ်များ အသံလွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မည်

ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာ့အသံက သုံးလတစ်ကြိမ် အက္ခရာစဉ်အလိုက် အလှည့်ကျ ပြောင်းလဲထုတ်လွှင့်လျက်ရှိသော တိုင်းရင်းသားအစီအစဉ်များကို အောက်တိုဘာ ၁ရက်မှ ဒီဇင်ဘာ ၃၁ရက်အထိ လှိုင်းတို ၆၃ ဒသမ ၄၉ မီတာမှနေ၍ မွန်ဘာသာအစီအစဉ်ကို မွန်းလွဲ ၂နာရီမှ ၂နာရီ ၄၅မိနစ်အထိ၊ ရခိုင်ဘာသာအစီအစဉ်ကို မွန်းလွဲ ၂နာရီ ၄၅မိနစ်မှ ညနေ ၃နာရီခွဲအထိ၊ ရှမ်းဘာသာအစီအစဉ်ကို ညနေ ၃နာရီခွဲမှ ၄နာရီ ၁၅မိနစ်အထိ၊ ကချင်ဘာသာအစီအစဉ်ကို ညနေ ၄နာရီ ၁၅မိနစ်မှ ၅နာရီအထိ၊ ကယားဘာသာအစီအစဉ်ကို ညနေ ၅နာရီမှ ၅နာရီ ၄၅မိနစ်အထိ၊ စကောကရင်ဘာသာအစီအစဉ်ကို ညနေ ၅နာရီ ၄၅မိနစ်မှ ၆နာရီခွဲအထိ၊ ပိုးကရင်ဘာသာ အစီအစဉ်ကို ညနေ ၆နာရီခွဲမှ ည ၇နာရီ ၁၅မိနစ်အထိနှင့် ချင်းဘာသာအစီအစဉ်ကို ည ၇နာရီ ၁၅မိနစ်မှ ၈နာရီအထိ အသံလွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် စက်တင်ဘာ ၂၄

၂၀၀၅ခုနှစ် (၁၀)ကြိမ်မြောက် အသက်(၁၇)နှစ်အောက် ပြည်နယ်နှင့်တိုင်း အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။ ပြိုင်ပွဲတွင် ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းက ခြောက်ဂိုး–နှစ် ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(သတင်းစဉ်)

ကမ္ဘာ့အပူချိန်မြင့်တက်မှုကြောင့် ရောဂါဘယပိုမိုထူပြောမည် မိုးခေါင်မှု၊ ရေလွှမ်းမိုးမှုနှင့် မုန်တိုင်းတိုက်ခတ်မှု ပိုမိုဖြစ်ပွားနိုင်

ကင်ဘာရာ စက်တင်ဘာ ၂၃

ကမ္ဘာ့အပူချိန် မြင့်တက်လာခြင်းသည် အာရှနှင့် ပစိဖိတ်ကျွန်းနိုင်ငံများတစ်ဝန်း ရောဂါဘယထူပြောမှု သိသိသာသာ မြင့်တက်လာမည်ဖြစ်ကြောင်း၊ ပဋိပက္ခမှုများကို ဦးတည်လာမည်ဖြစ်ပြီး သန်းပေါင်းများစွာသော ပြည်သူတို့အား အိမ်ပစ်ရာပစ် ပြေးကြရသည့်အခြေအနေသို့ ဆိုက်ရောက်လာနိုင်ကြောင်း လေ့လာဆန်းစစ်ချက်တစ်ရပ်က ကြာသပတေးနေ့တွင် ဖော်ပြသည်။

ကမ္ဘာနှင့်ချီ၍ အပူချိန်မြင့်တက်ခြင်းကြောင့် ၂၁၀၀ ပြည့်နှစ်ထက် နောက်မကျဘဲ မိုးခေါင်မှု၊ ရေလွှမ်းမိုးမှုနှင့် မုန်တိုင်း တိုက်ခတ်မှု ပိုမိုဖြစ်ပွားစေနိုင်ကြောင်း၊ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ကာလဝမ်းရောဂါဖြစ်ပွားမှု မြင့်တက်လာနိုင်ကြောင်း လေ့လာတွေ့ရှိထားသည်။

မြင့်တက်လာ

ဩစတြေးလျနိုင်ငံ ဆရာဝန်များအသင်းနှင့် ဩစတြေးလျနိုင်ငံ သဘာဝဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့က လေ့လာတွေ့ရှိချက်များကို ပြုစုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ လေ့လာတွေ့ရှိချက်အရ ၂၁၀၀ ပြည့်နှစ်ထက် နောက်မကျဘဲ ပျမ်းမျှအပူချိန်သည် ၁ ဒီဂရီဆဲလ်စီးယပ်စ်နှင့် ၆ ဒီဂရီဆဲလ်စီးယပ်စ်အကြား မြင့်တက်လာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ထိခိုက်စေ

ရာသီဥတုပြောင်းလဲမှုကြောင့် မိမိတို့၏ ကျန်းမာရေးကို ထိခိုက်စေမည်ဖြစ်ကြောင်း၊ အများပြည်သူတို့ နာမကျန်းဖြစ်မှု ပိုမိုများပြားလာမည် ဖြစ်ကြောင်း၊ အပူချိန်မြင့်တက်လာခြင်းကြောင့် သေဆုံးသူဦးရေမြင့်တက်လာမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ ဆရာဝန်များအသင်းဥက္ကဋ္ဌ မူကက်ရှ် ဟော်လ်ကာဝေါလ်က သတင်းထောက်များကို ပြောကြားသည်။

ဩစတြေးလျနိုင်ငံတွင် အပူဒဏ်ဖိစီးမှုကြောင့် လောလောဆယ် တစ်နှစ်လျှင် လူ ၁၀၀၀ နီးပါး သေဆုံးလျက်ရှိရာမှ ၂၁၀၀ ပြည့်နှစ်ထက် နောက်မကျဘဲ တစ်နှစ်လျှင် သေဆုံးသူ ၁၅၀၀၀ အထိ ရှိလာမည်ဖြစ်ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ခြင်ကြောင့် ကူးစက်သော အခြားရောဂါများလည်း ဆစ်ဒနီမြို့အထိ ပျံ့နှံ့ရောက်ရှိလာမည်ဖြစ်ကြောင်း ဟော်လ်ကာဝေါလ်က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်နိုင်ငံ မင်စွာခရိုင်တွင် လုံခြုံရေး ဆောင်ရွက်နေသော အပေါင်းပါ တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တက္ကဆက်နှင့် လူဝီစီယားနား ပြည်နယ်များတွင် ရီတာမုန်တိုင်းတိုက်၊ မိုးကြီးရေလျှံကာ သစ်ပင်များအမြစ်မှကျွတ်လဲ

ဂယ်လ်ဗက်စတန်(တက္ကဆက်) စက်တင်ဘာ ၂၄

ရီတာ ဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကို ပင်လယ်ကွေ့ဆီမှ အမေရိကန်နိုင်ငံ တက္ကဆက်နှင့် လူဝီစီယားနားပြည်နယ်များဆီသို့ စက်တင်ဘာ ၂၄ ရက်က လေရောမိုးပါ အားကောင်းကောင်းဖြင့် ဝင်ရောက် တိုက်ခတ်လာသည်။

ထိုမုန်တိုင်းသည် ပင်လယ်ကွေ့ရှိ ကမ်းလွန်ရေနံမြေများကို ဖြတ်ကျော်လာကာ အမေရိကန်နိုင်ငံ၏ ရေနံချက်စက်ရုံနှင့် ရေနံဓာတုဗေဒလုပ်ငန်းအများအပြားရှိရာ ကမ်းရိုးတန်းဒေသဆီသို့ ဦးတည်တိုက်ခတ်ခဲ့သည်။

လေရောမိုးရောသည်းထန်နေသည့် အကြားမှ အကြောင်းရင်းကို ဂဃနဏ မသိရသေးသော အခြေအနေတစ်ခုကြောင့် ဂယ်လ်ဗက်စတန်မြို့ရှိ သမိုင်းဆိုင်ရာ ဗဟိုဌာနမှာ မီးစွဲလောင်ခဲ့သည်။ ထိုမီးကြောင့် အခြားအဆောက်အအုံသုံးလုံးကိုပါ မီးကူးသွားခဲ့သည်။ မီးလောင်နေစဉ် အချိန်က လေတိုက်နှုန်းမှာ တစ်နာရီ မိုင် ၆၀အထိ ပြင်းထန်နေသည့်ကြားမှ မီးသတ်ရဲဘော်များသည် မီးကိုကြိုးစား ငြိမ်းသက်ကြရသည်။

ယင်းနေ့ နံနက် တစ်နာရီအချိန်တိုင်းထွာချက်များအရ ရီတာမုန်တိုင်း၏ ဗဟိုချက်သည် တက္ကဆက်နှင့် လူဝီစီယားနားပြည်နယ်တို့၏ နယ်စပ် ဆာဆီနီတောင်ကြားဒေသ၏ အရှေ့တောင်ဘက် မိုင် ၄၀ အကွာတွင် ဗဟိုပြုနေကြောင်း မီယာမီရှိ မိုးလေဝသဌာနက ကြေညာသည်။ ထိုမုန်တိုင်းသည် အမြင့်ဆုံးလေတိုက်နှုန်း တစ်နာရီ မိုင် ၁၂၀ အင်အားဖြင့် အနောက်မြောက်အရပ်ဆီသို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းထားသည်။ တက္ကဆက်ပြည်နယ်၏ အရှေ့တောင်ဘက်ရှိ ပို့အာသာနှင့် ဗျူးမောင့်အရပ်များအပြင် လူဝီစီယားနားပြည်နယ်၏ ချားလ်စ်ရေကန်ဒေသများတွင် မုန်တိုင်းအရှိန်ကြောင့် သစ်ပင်များအမြစ်မှ ကျွတ်ထွက်လဲကုန်ကာ အရာအားလုံး အပြိုပြိုအလဲလဲဖြစ်ကုန်ရကြောင်း သိရ သည်။ မြို့တွင်းလမ်းများမှာလည်း အပျက်အစီးများနှင့် ပြည့်နှက်နေသည်ဟုဆိုသည်။

ရီတာမုန်တိုင်း ဦးတည်ရာလမ်းကြောင်းသည် ၁၉၅၇ ခုနှစ်က လူဝီစီယားနားပြည်နယ်တွင် တိုက်ခတ်ခဲ့သော အဖျက်စွမ်းအားကြီးမားလှသည့် အင်ဒရူးမုန်တိုင်း၏ လမ်းကြောင်းနှင့် ခပ်ဆင်ဆင်ရှိကြောင်း ခန့်မှန်းချက်တွင်ဖော်ပြထားသည်။ အင်ဒရူးမုန်တိုင်းတိုက်ခဲ့စဉ်က အနည်းဆုံး လူ ၃၉၀သေဆုံးခဲ့ရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်တွင် တိုက်ခိုက်မှုများ ဖြစ်ပွား၊ ၁၀ ဦး သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၃

အီရတ်နိုင်ငံအလယ်ပိုင်းတွင် ကြာသပတေးနေ့က တိုက်ခိုက်မှုအချို့ဖြစ်ပွားခဲ့ရာ ၁၀ ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဟန်ဆောင်

မြို့တော်ဘဂ္ဂဒက်တွင် အီရတ်ရဲတပ်ဖွဲ့ဝင်များအဖြစ် ဟန်ဆောင်ကာ ရဲယူနီဖောင်းဝတ်ထားသော သေနတ်သမားများက ရဲတပ်ဖွဲ့ မော်တော်ယာဉ်များကို အသုံးပြု၍ နေအိမ်တစ်လုံးရှိရာသို့ ရောက်ရှိလာခဲ့ပြီးပစ်ခတ်သွားခဲ့ကြောင်း၊ မြို့တော် ဘဂ္ဂဒက်တွင် တည်ရှိသော အမိုးပြား စက်ရုံပိုင်ရှင် မိုဆန်ဒကတ်နှင့် ၎င်း၏ သားနှစ်ဦးတို့ကိုသာမက ခွေးမတော်စပ် သူတစ်ဦးကိုလည်း သတ်ဖြတ်သွားခဲ့ကြောင်း၊ သားတစ်ဦးကိုမူ ပြန်ပေးဆွဲသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မြို့တော်၏မြို့သစ်ဒေသတွင်သေနတ်သမားများက ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများရေးရာ ဝန်ကြီးဌာနမှ လုံခြုံရေးအစောင့် ခြောက်ဦးလိုက်ပါလာသော နီဆန်းပစ်ကတ်ကားတစ်စီးကိုပစ်ခတ်ခြင်းကြောင်း၊ အဆိုပါအစောင့်များအနက် လေးဦးမှာ သေဆုံးခဲ့ရကြောင်း၊နှစ်ဦးမှာဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

သေဆုံး

ဘဂ္ဂဒက်တောင်ဘက် အယ်လ်ဒိုရာဒေသတွင် သေနတ်သမားများ၏ လက်ချက်ကြောင့် အင်ဂျင်နီယာတစ်ဦး သေဆုံးခဲ့ရကြောင်း၊ သေနတ်သမားများသည် မော်တော်ကားတစ်စီးပေါ်မှနေ၍ ပစ်ခတ်သွားခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဘဂ္ဂဒက်အနောက်ဘက် ၂၅ မိုင်ခန့်အကွာရှိဘာကူဆာမြို့တွင် သေနတ်သမား များက ဖာဒယ်မာမွတ်အမည်ရှိ ရဲမှူးကြီးတစ်ဦးကို မော်တော်ကားပေါ်မှနေ၍ ပစ်ခတ်သွားခဲ့ကြောင်း၊ အဆိုပါရဲမှူးကြီးသည် လုပ်ငန်းခွင်ဝင်ရန် သွားရောက်နေစဉ် သေနတ်ဖြင့် ပစ်ခတ်ခံရကာ သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းဖြစ်စဉ်တွင် ရဲမှူးကြီး၏ မော်တော်ယာဉ်မောင်းမှာလည်း ဒဏ်ရာရရှိခဲ့သည်။

ဘာကူဘာမြို့မှာပင် ရဲအရာရှိများလိုက်ပါသည့် မော်တော်ယာဉ်တန်းတစ်ခုကို ရော့ကက်ဒုံးကျည်ဖြင့်ပစ်ခတ်ခံရရာ ရဲအရာရှိနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် စက်တင်ဘာ ၂၂ ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သောနေရာမှ အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်တွင် ရိက္ခာဖြန့်ဝေရေးအခက်ကြုံ

ရောမ စက်တင်ဘာ ၂၃

အီရတ်နိုင်ငံရှိ လူဦးရေသုံးသန်းခန့်ကို ရိက္ခာအကူအညီပေးနေသော ကုလသမဂ္ဂရိက္ခာ အကူအညီပေးရေးအစီအစဉ်(ဒဗလျူအက်ဖ်ပီ)သည် အလှူရှင်များထံမှ ရန်ပုံငွေ အလုံအလောက် မရရှိသဖြင့် အခက်ကြုံနေရကြောင်း ထိုအဖွဲ့က စက်တင်ဘာ ၂၁ရက်တွင်သတိပေးပြောကြားခဲ့သည်။

ထိုအဖွဲ့က စီစဉ်ထားသော အမေရိကန်ဒေါ်လာ ၆၆ သန်းကုန်ကျမည့် ရိက္ခာဖြန့်ဝေရေး အစီအစဉ်မှာ စေတနာရှင်များထံမှ ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၉ သန်းသာရရှိသဖြင့် အခက်တွေ့နေရခြင်း ဖြစ်သည်ဟုဆိုသည်။

အင်တာနက်။

အီရတ်ပြဿနာကို စစ်ရေးဖြင့်ဖြေရှင်းရာ၌ ဗြိတိန်၏ အကြောင်းပြချက် မမှန်ကန် ဝန်ကြီးချုပ် တိုနီဘလဲ ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆို

လန်ဒန် စက်တင်ဘာ ၂၃

အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခြင်းသည် ဗီယက်နမ်စစ်ပွဲထက် ပိုမို၍ ဆုံးရှုံးပျက်စီးမှုများ ဖြစ်ပေါ်စေကြောင်း၊ အီရတ်ပြဿနာကို စစ်ရေးအရကြားဝင်ဖြေရှင်းရာတွင် ဗြိတိန်နိုင်ငံ၏ အကြောင်းပြချက်မှာ မှန်ကန်ခြင်းမရှိသဖြင့် ဝန်ကြီးချုပ် တိုနီဘလဲသည် ရာထူးမှ နုတ်ထွက်ပေးသင့်ကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဟောင်း မယ်ကွမ်ရစ်ဖ်ကိုင်းက ဗုဒ္ဓဟူးနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။

မိမိတို့၏နိုင်ငံသည် အီရတ်စစ်ပွဲတွင် အမှန်တကယ် ပါဝင်ပတ်သက်ခဲ့ပြီဖြစ်ကြောင်း၊ အီရတ်စစ်ပွဲသည် ရှောင်လွှဲနိုင်သော စစ်ပွဲတစ်ခုဖြစ်ပြီး အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခြင်းဖြင့် နိုင်ငံရေးအနှစ်သာရ ကင်းမဲ့မှုကို မိမိတို့ ယခုအခါ တွေ့မြင်နေရပြီဖြစ်ကြောင်း ရစ်ဖ်ကိုင်းက ဘီဘီစီ ရုပ်မြင်သံကြားဌာနအားပြောကြားသည်။

လွဲမှားစွာအသုံးချ

အီရတ်နိုင်ငံသည် အစုအပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်များကို တည်ဆောက်နေသည်ဆိုသောတစ်ဖက်သတ်စွပ်စွဲချက်များဖြင့် စစ်ပွဲဆင်နွှဲရာ၌ ပါဝင်ခဲ့သော တိုနီဘလဲသည် ထောက်လှမ်းရေးဌာနများကို အလွဲအသုံးချမှုအပြင် ပါလီမန်အမတ်များအား လွဲမှားစွာ အသုံးချမှုတို့ကြောင့် ရာထူးမှ နုတ်ထွက်ပေးသင့်ကြောင်း ၎င်းက ပြောကြား သည်။

မည်သည့်ဝန်ကြီးချုပ်မျှ လွဲမှားသော အကြောင်းပြချက်ဖြင့် စစ်ဆင်နွှဲတိုက်ခိုက်ခြင်း မရှိကြောင်း၊ အီရတ်နိုင်ငံအား စစ်ရေးအရတိုက်ခိုက်ရာတွင် ကိုင်စွဲခဲ့သော အကြောင်းပြချက် မှားယွင်းနေကြောင်း သိရှိရခြင်းသည် မိမိတို့နိုင်ငံအတွက် နိုင်ငံခြားရေး မူဝါဒဆိုင်ရာ အကြီးမားဆုံး ဆိုးကျိုးဖြစ်ပေါ်စေကြောင်း ၎င်းက ပြောကြားသည်။

ရစ်ဖ်ကိုင်းသည် ၁၉၉၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပြီး ယခုအခါ ကွန်ဆာဗေးတစ်ပါတီကို ခေါင်းဆောင်နေသည့်အတွက် ယှဉ်ပြိုင်အရွေးခံမည့်သူဖြစ်သည်။ ***အင်တာနက်။***

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်သေဆုံးမှု စက်တင်ဘာ ၂၃ရက်အထိ ၁၉၁၂ဦးရှိ

ဝါရှင်တန် စက်တင်ဘာ ၂၃

အီရတ်နိုင်ငံတွင် ၂၀၀၃ ခုနှစ်မတ်လ၌ စစ်ပွဲစတင်ခဲ့ချိန်မှ၂၀၀၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်အထိ ယင်းနိုင်ငံတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၉၁၂ဦးရှိကြောင်း အေပီသတင်းဌာနက ပြုလုပ်သော စစ်တမ်းတွင် ဖော်ပြထားသည်။ ဖော်ပြပါ ဦးရေအနက် ၁၄၈၈ ဦးမှာ ရန်သူ၏ တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်းဖြစ်သည်။ ၎င်းတို့တွင် အမေရိကန်စစ်ဘက်၌ တာဝန်ထမ်းဆောင်နေသူ အရပ်သားငါးဦးလည်း ပါဝင်သည်။

အီရတ်နိုင်ငံတွင် အဓိကကျသော စစ်ဆင်ရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း သမ္မတဘုရှ်က ထုတ်ပြန်ကြေညာခဲ့သော ၂၀၀၃ ခုနှစ် မေ ၁ ရက်နောက်ပိုင်း ယင်းနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၇၇၁ ဦး သေဆုံးခဲ့ရကြောင်း၊ ဖော်ပြပါဦးရေအနက် ၁၃၇၅ ဦးမှာ ရန်သူ၏တိုက်ခိုက်မှုကြောင့် သေဆုံးရကြောင်း အေပီသတင်းဌာန၏ လေ့လာချက်တွင် ဖော်ပြထားသည်။

အင်တာနက်။

ပြည်သူများ လိုလားတောင့်တနေကြသည့် စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး မလွဲမသွေ ထူထောင်သွားနိုင်မည်ဟု ယုံကြည်

❀ **အမျိုးသားညီလာခံမှ**

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂)၊ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာ၌ ၂၀၀၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံ၌ ဆောင်ရွက်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ မိမိတို့အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးများကို ကျင်းပဆွေးနွေးလာခဲ့ရာ လာမည့်အမျိုးသားညီလာခံတွင် ဆောင်ရွက်ရန်ကိစ္စအတော်များများကို ကော်မရှင်အနေဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း။

အကြံပြုနိုင်

ပြီးခဲ့သည့် အမျိုးသားညီလာခံအစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာ၌ ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများကို အမျိုးသားညီလာခံ ကိုယ်စားလှယ်များက အကြံပြုစာတမ်းများ ပြုစုဆွေးနွေးခဲ့ပြီးဖြစ်၍ ယခု ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံတွင် ယင်းအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် လွှတ်တော်များ လုပ်ငန်းဆက်သွယ်ဆောင်ရွက်မှုအပိုင်းကို ညီလာခံကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ညီလာခံကိုယ်စားလှယ်များ အဆင်ပြေချောမွေ့စွာ အကြံပြုနိုင်ရေးအတွက် လုပ်ငန်းပမာဏကို ချင့်ချိန်ပြီး ကျန်အခန်းခေါင်းစဉ်များကို အစီအစဉ်အတိုင်းတင်ပြသွားရန် ရည်ရွယ်ထားကြောင်းကို ပြီးခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး နောက်ဆုံးနေ့၌ မိမိပြောကြားခဲ့ကြောင်း။

*** ပြီးခဲ့သည့်အမျိုးသားညီလာခံအစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက အကြံပြုစာတမ်းများ ပြုစုဆွေးနွေးခဲ့ပြီးဖြစ်၍ ယခု ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံတွင် ယင်းအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေး လုပ်ငန်းများ ဆောင်ရွက်ရမည်။**

*** ထို့ပြင် လွှတ်တော်များ လုပ်ငန်းဆက်သွယ်ဆောင်ရွက်မှုအပိုင်းကို ညီလာခံကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် တင်ပြမည်။**

*** ညီလာခံကိုယ်စားလှယ်များ အဆင်ပြေချောမွေ့စွာ အကြံပြုနိုင်ရေးအတွက် လုပ်ငန်းပမာဏကို ချင့်ချိန်ပြီး ကျန်အခန်းခေါင်းစဉ်များကို အစီအစဉ်အတိုင်းတင်ပြသွားရန် ရည်ရွယ်ထား။**

ယခုအခါ အမျိုးသားညီလာခံ လုပ်ငန်းများသည် အတော်အတန်ပြီးစီး၍ ခရီးပေါက်သင့်သလောက် ပေါက်လာခဲ့ပြီဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပမှ မနာလိုမရှုဆိတ်သူများနှင့် မီဒီယာအချို့က မိမိတို့ အမျိုးသားညီလာခံ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မလိုတမာပြောကြားလျက်ရှိနေကြောင်း၊ ယင်းတို့မည်သို့ပင်ပြောကြားစေကာမူ နိုင်ငံတော်အစိုးရက ဒီမိုကရေစီအသွင်ကူးပြောင်းရန် အတိအလင်းကြေညာ ထားပြီးဖြစ်သည့်အလျောက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တွင် ပါဝင်သည့် အမျိုးသားညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးသည် ဒီမိုကရေစီနိုင်ငံ ကူးပြောင်းရေးအတွက် အလွန်အရေးကြီးသကဲ့သို့ ပထမဆုံးခြေလှမ်းလည်းဖြစ်သည့်အတွက် မဖြစ်မနေ အောင်မြင်အောင် မိမိတို့ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်တွင်းပြည်ပက မည်သို့ပင် နှောင့်ယှက်ဖျက်ဆီးသော်လည်း နိုင်ငံတော်အစိုးရ၏ မွန်မြတ်သန့်စင်သော စေတနာ၊ ပြည်သူလူထု၏ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့ကြောင့် အခက်အခဲအမျိုးမျိုးတို့ကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ လိုလားတောင့်တနေကြသည့် စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး မလွဲမသွေ ထူထောင်သွားနိုင်မည်ဟု ယုံကြည်ထားပြီး ဖြစ်သည့်အတွက် ယခုနှစ်မကုန်မီ ကျင်းပပြုလုပ်မည့် အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ရန် အမျိုးသားညီလာခံကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့က အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

အကြံပြုဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အမျိုးသားညီလာခံ၌ ချမှတ်ရန်ရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန် ကဏ္ဍအလိုက် ဝိုင်းဝန်းညှိနှိုင်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်း လိုက်သည်။

(သတင်းစဉ်)

● **နိုင်ငံတော်မှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်ဇနီး ဒေါ်စန်းစန်းရီတို့သည် ည ၆ နာရီ ၄၅ မိနစ်တွင် ကုန်သည်ကြီးများဟိုတယ်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီး H.E. Mr. Li Jinjun က ကြိုဆိုနှုတ်ဆက်သည်။

တည်ခင်းဧည့်ခံ

ယင်းနောက် သံအမတ်ကြီး H.E. Mr. Li Jinjun က နှုတ်ခွန်းဆက်စကား ပြောကြားပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ဇနီးဒေါ်စန်းစန်းရီနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များအား နှုတ်ဆက်ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Marine Limited (KML) တို့၏ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် စာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်းနှင့် Korea Marine Limited (KML) မှ Representative Director Mr. Bok Ki Hong တို့က ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် စာချုပ်ကို လက်မှတ်ရေးထိုးပြီး လဲလှယ်ကြစဉ်။ (ပို့ဆောင်ရေး)

သဃ်န်းကျွန်းမြို့နယ် မြဝတ်ရည်လမ်းသွယ် (ဆ/ခ) ရပ်ကွက်နေ ဦးငွေလင်း-ဒေါ်မိုးမိုးဦး၊ ဦးသန်းမြိုင်-မမြမြစိမ်း၊ မခင်ငြိမ်းအေး၊ မမဥ္ဇူမီသားစုက အလှူငွေ ကျပ်နှစ်သိန်းကို နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြန်မာ-ကိုရီးယား ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Marine Limited (KML)တို့၏ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ် သီလဝါဒေသရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်း၊ Korea Marine Limited (KML) မှ Representative Director, Mr.Bok Ki Hong နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး Korea Marine Limited (KML) မှ Representative Director, Mr. Bok Ki Hong က ပညာသင်ဆု ရွေးချယ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်းနှင့် Korea Marine Limited (KML) မှ Representative Director, Mr. Bok Ki Hong တို့က ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး လဲလှယ်ကြသည်။

ဆုများချီးမြှင့်

ဆက်လက်၍ Korea Marine Limited (KML) မှ Representative Director, Mr.Bok Ki Hong က မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်ပညာသင်ဆုရ ကျောင်းသား ရှစ်ဦးတို့အား ပညာသင်ဆုများကို ချီးမြှင့်ပြီး စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် Korea Marine Limited (KML) မှ Representative Director, Mr. Bok Ki Hong နှင့် အဖွဲ့သည် တက္ကသိုလ်ရှိ စာသင်ဆောင်များ၊ Simulator၊ Computing Lab၊ Chemistry၊ Physics Lab အခန်းများကို လိုက်လံကြည့်ရှုကြသည်။ (သတင်းစဉ်)

မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် ဘောလုံး လက်ရွေးစင်ဟောင်းများ ချစ်ကြည်ရေးဘောလုံးယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာ့လက်ရွေးစင် ဟောင်းများ ပါဝင်သော မန္တလေးတိုင်း ဘောလုံး လက်ရွေးစင်ဟောင်း (Old Star) များနှင့် ရှမ်းပြည်နယ် ဘောလုံး လက်ရွေးစင်ဟောင်း (Old Star) များ၏ ချစ်ကြည်ရေး မိတ်ဆက်ဘောလုံးပြိုင်ပွဲကို မန္တလေးမြို့ ဗထူးအားကစားပြိုင်ကွင်း၌ စက်တင်ဘာ ၂၅ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ချစ်ကြည်ရေး မိတ်ဆက် ဘောလုံးပြိုင်ပွဲ ဝင်ခွင့်လက်မှတ်များကို ဦးစိုးမင်း (ရထား- မြန်မာ့လက်ရွေးစင်ဟောင်း)၊ ဦးခင်မောင်တင့် (၄၁)လမ်း ပါရမီဆေးတိုက်၊ ဦးဇော်ဝင်း (စိန်နှင့်မြ)၊ ဦးမြင့်လွင် ဗထူးအားကစားပြိုင်ကွင်း အထူးတန်းအနီးတို့၌ ကြိုတင်ဝယ်ယူအားပေးနိုင်ပြီး ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

“မူပိုင်ခွင့်” မဟုသုတ ပွားများရေး

မောင်ဆုရှင်

‘မူပိုင်ခွင့်’ ဟူသော အသုံးအနှုန်းသည် မြန်မာစကားဖြစ်သော်လည်း ကိုလိုနီခေတ်ကမှ မြန်မာမှုပြု၍ ဘာသာပြန်ခဲ့ဟန်တူပါသည်။ ထိုအသုံး အနှုန်းသည် စကားလုံးအရ အနက်အဓိပ္ပာယ် ရှင်းလင်းဖွယ်ရှိပါလျက်နှင့် နားမလည်နိုင်စရာ ဝေါဟာရတစ်ခုသဖွယ် ဖြစ်နေခဲ့ပါသည်။ ယခင်က ဥပဒေသမားတို့၏ ဝန်းကျင်၌သာ အတန်အသင့် တွင်ကျယ်ပြီး လူသာမန် တို့ သဘောမပေါက်နိုင်သော ဘာသာရပ်တစ်မျိုးလည်း ဖြစ်နေပုံရပါ သည်။ အမှန်စင်စစ် အင်္ဂလိပ်ဘာသာဝေါဟာရ ကော်ပီရိုက် (Copyright) မှ ဥပဒေကို မြန်မာဘာသာပြန်သူတို့ စတင်သုံးစွဲခဲ့ခြင်းဟု နားလည်ရသည်။ **‘မူပိုင်’**ဟူသော အသုံးအနှုန်းသည် ယခုမှ လူကြား သူကြား၌ တွင်ကျယ်လာလေသည်။

ဒုတိယကမ္ဘာစစ် မတိုင်မီကစ၍ လွတ်လပ်ရေးခေတ်အထိ ထုတ်ဝေ ခဲ့သော စာအုပ်အချို့တွင် ရှေ့ပိုင်း၌ မူပိုင်ခွင့်ကို ဖော်ပြထားလေ့ရှိသည် ကို သတိရမိသည်။ ကွယ်လွန်သူ ဆရာကြီး ဒဂုန်နတ်ရှင် (ဦးမောင် မောင်ကြီး)၏ ဇနီးဖြစ်သူ ဒေါ်ခင်ရီ စာအုပ်ဆိုင်အမည်ဖြင့် ထုတ်ဝေ သည့် ဆရာကြီး၏ စာအုပ်များ၌ **‘မူပိုင်ရှင်–မခင်ရီ’**ဟု ဖော်ပြလေ့ရှိသည်။ ရှုမဝ(ဦးကျော်) တိုက်ထုတ်နှင့် သွေးသောက်(ဦးပြည့်စုံ)တို့ ထုတ်ဝေ ခဲ့သော လုံးချင်းစာအုပ်များ၌လည်း မူပိုင်ခွင့်ကို စာအုပ်ရှေ့ပိုင်း၌ ဖော်ပြထားကြောင်း မှတ်မိပါသည်။ **‘မူပိုင်ကိစ္စ’** အငြင်းပွားရသည်ဟူ သော ကိစ္စအတော်များများကိုလည်း စာအုပ်ထုတ်ဝေရေး၊ ရုပ်ရှင် ရိုက်ကူးရေး၊ တေးဂီတထုတ်လုပ်ရေး၊ ကာတွန်းရုပ်ပြ ထုတ်ဝေရေး လုပ်ငန်းတို့တွင် မကြာခဏဆိုသလို ကြားရပါသည်။ မူပိုင်ခွင့်ကိစ္စမှာ အကျိုးခံစားခွင့်နှင့် ပိုင်ရှင်ကို အသိအမှတ်ပြုခံရဖွယ်တို့နှင့် အများ အားဖြင့် ဆက်စပ်၍နေလေ့ရှိပါသည်။ ဖန်တီးသူ၊ ဖြန့်ချိသူနှင့် သုံးစွဲသူ တို့အကြား တရားသဖြင့် အကျိုးတူဖြစ်ဖို့ကိုလည်း ရေးရှုအပ်သည်။

ယခု နောက်ပိုင်းသို့ ရောက်သောအခါ စီးပွားရေးလုပ်ငန်းများ ကျယ်ပြန့်များပြားလာပြီး နိုင်ငံတွင် စာပေအနုပညာလုပ်ငန်းများသာမက ဖျော်ဖြေမှု၊ ဝန်ဆောင်မှု၊ ပို့ချသင်ကြားမှု စသည်တို့ နယ်ပယ်ကျယ်ဝန်း လျက် ယင်းလုပ်ငန်းတို့ကို စက်ကိရိယာသဘောဖြင့် မိတ္တူပွားများမှု၊ ရောင်းချဖြန့်ချိ ကုန်သွယ်မှုတို့ပါ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာသဖြင့် မူပိုင်ခွင့်သဘောမှာ လူမှုစီးပွားနယ်ပယ်အရပ်ရပ်သို့ သက်ရောက်လာ ခဲ့သည်။ ကုန်ပစ္စည်းထုတ်လုပ်မှု၊ ကြော်ငြာမှုတို့ပါ နိုင်ငံတွင်း၌ တိုးချဲ့နိုင်ခဲ့ရုံမက ပြည်တွင်းနှင့် ပြည်ပ ဆက်သွယ်ဖောက်ကားမှုများ အလိုအလျောက် ပါဝင်လာနေသဖြင့် ငွေကြေးစီးပွားအရ ပိုင်ဆိုင် ပတ်သက်ရုံမက မူရင်းဖန်တီးသူ၊ တီထွင်လုပ်ကိုင်မှုတို့၏ အခွင့်အလမ်း များပါ မူပိုင်ခွင့်၌ အကျုံးဝင်လာခဲ့ပါသည်။

မူပိုင်ခွင့်ဆိုသည်မှာ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခြင်းကဲ့သို့ ပိုင်ဆိုင်မှု အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။ ပိုင်ဆိုင်သူမှာ မူလဖန်တီးပြုလုပ်သူ ဖြစ်သည်။ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာနယ်ပယ်တွင် စာရေးသူ၊ ဘာသာပြန်သူ၊ ပန်းချီသရုပ်ဖော်သူ၊ ကာတွန်းရေးဆွဲသူ၊ တေးပြုသူ၊ ပန်းပုပညာရှင်၊ ဒီဇိုင်းပညာရှင်တို့ပါ ပါဝင်ပတ်သက်သည်။ သိပ္ပံစက်မှု နည်းဖြင့် အသံသွင်းခြင်း၊ အရုပ်ရိုက်ကူးခြင်း၊ အသံရော အရုပ်နှင့်အတူ တေးဂီတ အမျိုးမျိုးတို့ကိုပါ ထုတ်လုပ်ပွားများနိုင်သော နည်းနာများ ပေါ်လာသည့်နောက်ပိုင်း ပို၍ပင်ကျယ်ဝန်းသော နယ်ပယ်ကြီးဖြစ်လာ ခဲ့သည်။ စက်မှုသိပ္ပံနည်းလမ်းတွင် ကွန်ပျူတာစနစ်ပေါ်လာခဲ့ပြီး ဗီဒီယို၊ ဗီစီဒီ၊ ဒီဗီဒီစသည်ဖြင့် ယင်းကို ရေလဲအမျိုးမျိုးဖြင့် နည်းနာ၊ ပစ္စည်း ကိရိယာများအဖြစ် ချဲ့ထွင်သုံးစွဲနိုင်သောအခါ၌မူကား မူပိုင်ခွင့်သဘော သည် ပို၍ပင် ကျယ်ဝန်းရှုပ်ထွေးလာခဲ့ပါသည်။ ထို့ကြောင့် မိမိတို့ ပြည်တွင်း၌သာမက ပြည်ပနှင့်ပါ အကူးအလူးရှိလာသဖြင့် နိုင်ငံအချင်းချင်း သဘောတူညီနိုင်းလုပ်ကိုင်ကြသော နိုင်ငံတကာ သဘောတူကွန်ဗင်းရှင်း စာချုပ်အဖွဲ့များလည်း ရှိလာသည်။

သို့ရာတွင် မူပိုင်ခွင့်ကို အခြေခံသည့် ပင်ရင်းသဘောကား ရှုပ်ထွေး ခြင်းမရှိ။ ပစ္စည်းတစ်ခု၊ လက်ရာတစ်ခု၊ အနုပညာတစ်ရပ်ကို ကိုယ်ပိုင် စိတ်ကူးဉာဏ်ထုတ်ပြီး မူလဖန်တီးသောသူသာ ပိုင်ဆိုင်အပ်သည်။ ထို ပစ္စည်းနှင့် ထိုလက်ရာအတွက် သူဖန်တီးပြုစုသည်ဟု တစ်ပါးသူတို့က အသိအမှတ်ထားခံရခွင့်ရှိခြင်းနှင့် ထိုလက်ရာကို ရောင်းချ၊ ဖြန့်ချိ၊ ငှားရမ်းမှုတစ်နည်းနည်းဖြင့် အသုံးပြုသောအခါ ပိုင်ဆိုင်သူက အကျိုးစီးပွား တစ်စုံတစ်ရာ ခံစားခွင့်ရှိခြင်းဖြစ်သည်။ ထိုမှတစ်ဆင့်တက်ပြန်လျှင် မူရင်းပိုင်ဆိုင်သူ၏ ပိုင်ဆိုင်ခွင့်ရှိသည့် အချိန်ကာလ၊ ထိုပစ္စည်းကို လက်တွေ့ယူငင်သုံးစွဲသောအခါ လက်ရာအတိုင်း ဆီလျော်မှန်ကန်စွာ ဖော်ပြသင့်မှုနှင့် ဖြန့်ချိဆင့်ပွားသူက မူလလက်ရာရှင်၏ ဂုဏ်သိက္ခာကို မပျက်မယွင်းအောင် ထိန်းသိမ်းမှုတို့လည်း ပါဝင်သည်။ ဤသို့ဖြင့် အနုပညာရပ်များကို တီထွင်ထုတ်လုပ်သုံးစွဲ၍ အများအကျိုးကိုပြုကြရင်း အမျိုးသားယဉ်ကျေးမှုလက်ရာ အမွေအနှစ်များပါ ပွားများခိုင်မြဲနိုင်ဖို့အထိ အကြောင်းဆိုက်ရလေသည်။

> **မူပိုင်ခွင့်ဆိုသည်မှာ ပစ္စည်းဥစ္စာပိုင်ဆိုင်ခြင်းကဲ့သို့ ပိုင်ဆိုင်မှုအခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ ပိုင်ဆိုင်သူမှာ မူလဖန်တီးပြုလုပ်သူဖြစ်သည်။ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာနယ်ပယ်တွင် စာရေးသူ၊ ဘာသာပြန်သူ၊ ပန်းချီသရုပ်ဖော်သူ၊ ကာတွန်းရေးဆွဲသူ၊ တေးပြုသူ၊ ပန်းပုပညာရှင်၊ ဒီဇိုင်းပညာရှင်တို့ပါ ပါဝင်ပတ်သက်သည်။ သိပ္ပံစက်မှုနည်းဖြင့် အသံသွင်းခြင်း၊ အရုပ်ရိုက်ကူးခြင်း၊ အသံရော အရုပ်နှင့်အတူ တေးဂီတအမျိုးမျိုးတို့ကိုပါ ထုတ်လုပ်ပွားများနိုင်သော နည်းနာများ ပေါ်လာသည့်နောက်ပိုင်း ပို၍ပင်ကျယ်ဝန်းသော နယ်ပယ်ကြီးဖြစ်လာခဲ့သည်။**

မူပိုင်ခွင့်၏ အခြေခံ၌ ခံယူချက်သဘောအားဖြင့် ဤမျှရှင်းလင်း သော်လည်း လူ့ကိစ္စများ၌ သိမ်မွေ့ခက်ခဲသော ကုန်လုပ်ဆက်ဆံရေး ဆိုင်ရာအကြောင်းများ ပါလာမြဲဖြစ်သည်။ လက်ရာတစ်ခုကို ပူးတွဲ၍ ဖန်တီးပြုစုသောအခါမျိုးလည်း ရှိသည်။ ထိုလက်ရာကို အဖိုးအခဖြင့် လက်လွှဲရောင်းချပြီးနောက် ပိုင်ရှင်ပြောင်းလဲသော အခါများလည်းရှိသည်။ တစ်ဦးနှင့် တစ်ဦးစိတ်ကူးပုံချင်းတူညီသဖြင့် သူပိုင်ကိုယ်ပိုင်၊ သူ့လက်ရာ ကိုယ့် လက်ရာအငြင်းတွက်တတ်သည့်အခါလည်း ရှိတတ်သည်။ ဖန်တီး သူတို့၌ စိတ်ကြိုက်အမည်နာမတပ်ပုံ၊ ပေးပုံချင်းတူ၍ နေတတ်ပြန်သည်။ လက်ရာပိုင်ရှင်နှင့် ထိုလက်ရာကို တစ်ဆင့်ဖြန့်ချိသူတို့အချင်းချင်း နှုတ်ကတိဖြင့် စီးပွားရေးအလုပ်လုပ်ပြီးမှ ကတိပျက်ယွင်းသည်လည်း ရှိသည်။ တစ်ဆင့်ခံရောင်းချသူက သဘောတူသတ်မှတ်သော အရေအတွက် ထက် ပို၍ပွားများဖြန့်ဖြူးကာ မတော်လောဘပြုတတ်သည့် အဖြစ်မျိုး လည်း ပေါ်ပေါက်နိုင်သည်။ ဤသည်တို့မှာ စာပေအနုပညာမူပိုင်ခွင့် ဆိုင်ရာ ပြဿနာများမှ အချို့ပင်ဖြစ်လေသည်။

မူပိုင်ခွင့်သည် အင်္ဂလိပ်ဘာသာ အသုံးအနှုန်းမူရင်းပါ “ကော်ပီရိုက်” ဟူသော အဓိပ္ပာယ်အတိုင်း ကူးယူခွင့်၊ ပွားများခွင့်ကို ဆိုလိုသည်။ ထိုအခွင့်အရေးမှာ ယေဘုယျအားဖြင့် ဆိုခဲ့သည့်အတိုင်း မူလစိတ်ကူး ထုတ်၍ ဖန်တီးသူ၌တည်သည်။ ထိုသူက အကြိမ်ကြိမ်သုံးစွဲရန် ခွင့်ပြု နိုင်သည်။ အပြီးအပိုင် လက်လွှဲရောင်းချနိုင်သည်။ အခမဲ့ပေးကမ်းလိုက ပေးကမ်းနိုင်သည်။ ထိုပစ္စည်းကိုပင် အခြားသူတစ်ဦးဦးက မိမိအကျိုး စီးပွားအတွက် ဆင်တူယိုးမှားပြုလုပ်ခြင်း၊ အတုအပအယောင်အဆောင် ပြုလုပ်ခြင်း၊ ခွင့်ပြုချက်မယူဘဲ သုံးစွဲခြင်းကြောင့် မူပိုင်ခွင့်ကို ချိုးဖောက် ကျူးလွန်ရာရောက်သဖြင့် တရားတပေါင်စွဲဆိုကာ နစ်နာကြေးတောင်း ကြရသည်လည်း ရှိသည်။

မူပိုင်ခွင့်သဘော၌ စိတ်ကူးကို မူပိုင်မပြုနိုင်၊ ထိုစိတ်ကူးအရ ခိုင်မြဲပေါ်လွင်အောင် ရေးချဖန်တီးထားမှ ခိုင်မာသည်။ သာမန်အားဖြင့် အမည်နာမတစ်ခုခုကိုသုံး၍ တိုက်ဆိုင်နေလျှင် အငြင်းပွားနိုင်သည်။ အရင်ဦးသူက တစ်ပန်းသာဖို့များသည်။ ထိုမူပိုင်ခွင့်ကို လူမှုစီးပွား လုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ကိုင်ကြသောအခါ စာပေအနုပညာ ဆိုင်ရာက စည်းကမ်းတစ်မျိုး၊ တီထွင်မှုလုပ်ငန်းက စည်းကမ်းတစ်မျိုး၊ ဒီဇိုင်းပုံစံလက်ရာများက စည်းကမ်းတစ်မျိုး၊ ကုန်ပစ္စည်းအမှတ်တံဆိပ် များက စည်းကမ်းတစ်မျိုးဟူ၍ ချဲ့ထွင်ကာ လုပ်ထုံးစည်းကမ်းများ သတ်မှတ်ရသည်။ ယင်းတို့မှာ သီးခြားဥပဒေများပင်ဖြစ်သည်။ ယခုအခါ ထိုဥပဒေများကို ခြုံငုံ၍ အသိဉာဏ်ပစ္စည်း၊ ဉာဏပစ္စည်း၊ အသိဉာဏ် လက်ရာပစ္စည်းဟူ၍ အသိဉာဏ်နှင့် ပစ္စည်းတို့ကို ပေါင်းစပ်လျက် အမည် ပေးလာကြသည်။ Intellectual Property ဟူ၍ နိုင်ငံတကာ တွင် အမည်သစ်ဖြင့် သုံးနှုန်းကြသည်။ ထိုဝေါဟာရ၏ အနက်အောက်သို့ Copyrightဟူသောအမည်မှာ ရောက်ရှိသွားပြီး စာပေအနုပညာအတွက် ပဓာန ဖြစ်လာရသည်။

အသိဉာဏ်ပစ္စည်း သို့မဟုတ် ဉာဏပစ္စည်း၏ အမည်အောက်တွင် စာပေအနုပညာ မူပိုင်ခွင့်နှင့် စက်မှုလုပ်ငန်းဆိုင်ရာ မူပိုင်ခွင့်ဟူ၍ နှစ်မျိုးခွဲခြားမှတ်ယူ၍ ရနိုင်သည်။ သို့သော် ဤမူပိုင်ခွင့်များ၏ အခြေခံသဘောမှာ တီထွင်ဖန်တီးမှုနှင့် လူသားအကျိုးပြုမှုတို့ ထက်ကြပ် ပါဝင်နေသည်။ တစ်နည်းအားဖြင့် တစ်ပါးသူပစ္စည်းကို အသိအမှတ် ပြုခြင်းကို အခြေခံလျက် သက်မွေးဝမ်းကျောင်းကိစ္စနှင့်အတူ တီထွင် ရေးသားပြုစုကြရန် အားပေးမှု၊ စီးပွားအခွင့်အလမ်းများ ဖြစ်ထွန်းမှုတို့ နှင့်ပါ စည်းကမ်းဥပဒေဖြင့် ချိတ်ဆက်ထားကြခြင်းဖြစ်သည်။

မူပိုင်ခွင့်အကာအကွယ်ရှိသော အသိဉာဏ်ပစ္စည်းကို ဖန်တီးပြုစု သည်ဖြစ်စေ၊ သုံးစွဲသည်ဖြစ်စေ၊ ရရကောင်းစေ၊ ပေးရကောင်းစေ ဟူသော အမြင်ထက် လူ့လောကအကျိုးစီးပွားကို ဖန်တီးခြင်းကိစ္စက လွှမ်းမိုးစရာ အကြောင်းဖြစ်သည်ဟု ဆိုအပ်လေသည်။ ဤသို့ဖြင့် လူတို့စိတ်ကူးဉာဏ် အစွမ်းအစမှ ပေါ်ထွက်သော လက်ရာပစ္စည်းများ ကို လူတို့အကျိုးငှာသာလျှင် သုံးစွဲနိုင်ရေးကို ကိုယ့်နိုင်ငံနှင့် ကိုယ့် အမျိုးသားရေးနယ်ပယ် ဖွံ့ဖြိုးမှုအလိုက် နိုင်ငံတကာနှင့် တန်းညှိ၍ ကျင့်သုံးသွားရဖို့ ဖြစ်လေသည်။ ။

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း (ပြေးခုန်ပစ်)ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

၂၀၀၅ ခုနှစ် (၄၆)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း (ပြေးခုန်ပစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲချစ်ဖေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၊ ကာကွယ်ရေးဦးစီး ချုပ်ရုံး(လေ)မှ တပ်မတော်အရာရှိကြီး များ၊ ဖိတ်ကြားထားသူများ၊ တပ်နယ်ရှိ စစ်သည် မိသားစုဝင်များနှင့် အားကစား ဝါသနာရှင်များ တက်ရောက်အားပေး ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ပြိုင်ပွဲကို ဆက်လက် ကျင်းပရာ အနိုင်ရရှိသွားသော အားကစားသမားများအား တာဝန်ရှိ သူများက ဆုများအသီးသီးပေးအပ် ချီးမြှင့်၍ တံခွန်စိုက်ဒိုင်း ရရှိသည့် အသင်းအား ကာကွယ်ရေးဦးစီးချုပ် (လေ)ကိုယ်စား မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲချစ်ဖေက တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ကလေးများ သီချင်းဆိုပြိုင်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေး ဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ထုတ်လွှင့်သည့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၏ သီချင်းဆိုပြိုင်ပွဲကို စက်တင်ဘာ ၂၂ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင် သံကြား စတူဒီယို(ဘီ)၌ ကျင်းပရာ ပထမဆုကို အမက(၁၂)စမ်းချောင်း၊ ဒုတိယဆုကို အမက(၆) ကြည့်မြင်တိုင်၊ တတိယဆုကို အမက(၄) ကမာရွတ်နှင့် နှစ်သိမ့်ဆုကို အမက(၉) စမ်းချောင်းတို့က ရရှိကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅–၉–၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတ တရားတော် –စိတ္တာဝိပဿနာသတိပဋ္ဌာန်**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် –Public Finance.** (ပထမနှစ်–စီးပွားရေး)
- **၄:၅၀** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ မိုးလေဝသသတင်း
- **၆:၂၅** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –“ပျံသာပျံပါထက်အာကာ” (အပိုင်း–၁၀)**
- **၈:၀၀** ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ပဟေဋ္ဌိနန်းတော်
- ၁၆။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၁၇။ **English Premier League ဘောလုံးပွဲ –Middlesbrough Vs °°Sunderland (Live)**
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

ရခိုင်ပြည်နယ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

ရခိုင်ပြည်နယ် တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ရက် ည ၇နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီး ရခိုင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ဝင်းဝင်းနု၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် သန်းထွန်းအောင်၊ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်နယ်၊ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ဇနီးနှင့် တာဝန်ရှိသူများက တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲတွင် ဆုရရှိကြသူများက အဆို၊ အက၊ အတီးများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် အဆိုဘာသာရပ် မဟာဂီတပညာရှင်အဆင့် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်ကုတ်မြို့မှ ဦးကိုကိုနိုင်အား ဆုချီးမြှင့်စဉ်။ (ခရိုင်ပြန်/ဆက်)

မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန် မန္တလေးမြို့ အမရပူရမြို့နယ် မင်းရွာအနီးရှိ ရေဆိုးစုကန်များ (တောင်အင်း၊ မြောက်အင်း) အတွင်း ရေဆိုးများ စွန့်ထုတ်စီးဆင်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် သန့်ရှင်းရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၄

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပုနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ လိုက်ပါလျက် စက်တင်ဘာ ၁၉ရက်တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၈ လမ်းရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ရန်မျိုးလုံရပ်ကွက်ရှိ ငွေတချောင်းမြောင်း ရေစီးဆင်းမှု အခြေအနေ၊ ချမ်းမြသာစည်မြို့နယ် အတွင်းရှိ ၆၂ လမ်း လမ်းသားအကျယ် တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ အောင်မြေသာစံမြို့နယ်အတွင်း ၈၆ လမ်းကို ၂၆ လမ်းမှ ၁၂ လမ်းအထိ ကတ္တရာလမ်း တိုးချဲ့ဖောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ချမ်းအေးသာစံမြို့နယ် မန္တလေးဘူတာကြီးအနီး ၇၈ လမ်းကို ၂၈ လမ်းမှ လမ်း ၃၀အထိ ယာဉ်အန္တရာယ်ကင်းရှင်း ရေးအတွက် လမ်းလယ်ယာဉ်ကြောခွဲ အုတ်ခုံတည်ဆောက်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် မဟာအောင်မြေမြို့နယ်ရှိ မဟာအောင်မြေ ခရီးသည်တင် အဝေးပြေးယာဉ်ရပ်နားစခန်းသို့ ရောက်ရှိကာ ယာဉ်ရပ်နားစခန်းအတွင်း ခရီးသည်တင်ယာဉ်များ ဝင်ထွက်သွားလာမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့ဝင်များသည် ပြည်ကြီး တံခွန်မြို့နယ်ရှိ ချမ်းမြရွှေပြည် ခရီးသည်တင် အဝေးပြေးယာဉ် ရပ်နားစခန်းအတွင်း ခရီးသည်တင်ယာဉ်များ ဝင်/ထွက် သွားလာမှုနှင့် သန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးအား ဒဗလျူဗွီအမ်အဖွဲ့တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းအား World Vision Myanmar မှ National Director Mr. Roger Walker နှင့် အဖွဲ့သည် စက်တင်ဘာ ၂၂ရက် မွန်းလွဲ ၂နာရီတွင် အဖွဲ့ချုပ်ရုံး ဧည့်ခန်းသို့ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လုပ်ငန်းဆောင်ရွက်ချက်များ၊ အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေနှင့် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာဒေါ်သက်သက်ဇင်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

မြောက်ဥက္ကလာပ စက်မှုဇုန်စက်ရုံများမှ အမျိုးသမီးဝန်ထမ်းများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းချက်များ ရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေးနှင့် ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်တို့သည် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်မစိုး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ပါမောက္ခ ဒေါ်ငွေငွေ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ အမျိုးသမီးငယ်ရွယ် လုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါ်ပိုပိုကြည်၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်း အဖွဲ့ခွဲဝင်များနှင့် အတူ ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း မြောက်ဥက္ကလာပစက်မှုဇုန်သို့ သွားရောက်၍ စက်မှုဇုန်ခန်းမ၌ စက်ရုံများမှ အမျိုးသမီးဝန်ထမ်း ၁၃၀အား အမျိုးသမီးရေးရာ စကားဝိုင်းဖြင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။

အဆိုပါ အမျိုးသမီးရေးရာ စကားဝိုင်းတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းချက်များကို လည်းကောင်း၊ ပါမောက္ခ ဒေါ်ငွေငွေက အကြမ်းဖက်မှုနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားကြပြီး စက်ရုံများမှ အမျိုးသမီး ဝန်ထမ်းများကလည်း သိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးကြသည်။ (သတင်းစဉ်)

နှစ်ဖက်သောမိဘများအား အမှူးထား၍ အမှတ်(၃၉) ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ်နေ ဦးနိုင်ကိုကို–ဒေါ်သီတာအောင်၊ သား မောင်မိုးသော်နိုင် မိသားစုက ထာဝရ ငွေပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဇီဝိတဒါန သံဃာ့ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘညာဏ်(ငြိမ်း)လက်ခံယူစဉ်။ (က–ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်းအား World Vision Myanmar မှ National Director Mr. Roger Walker နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (အမျိုးသမီးရေးရာအဖွဲ့ချုပ်)

ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ အရေးပေါ်နှင့်ပြင်ပ လူနာဆောင်သစ်ဖွင့် ဖြိုးမေတ္တာ ကျန်းမာရေးစောင့်ရှောက်မှုအသင်း ဖွဲ့စည်းရန် အလှူငွေပေးအပ် ကွမ်းမိုးဒိန်းကျေးရွာနှင့် ဆက်စပ်ကျေးရွာတို့မှ ပြည်သူများအား ကျန်းမာရေးကုသပေး

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ရန်ကုန်တိုင်းတာဝန်ခံ ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှု အားပေးကြသည်။

ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံးဆောင်ရွက်မှုဖြင့် ခရမ်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံအရေးပေါ်နှင့် ပြင်ပလူနာကုသဆောင်သစ် ဖွင့်ပွဲအခမ်းနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ အလှူရှင် ဦးသန်းထွန်းတို့က မင်္ဂလာ ရွှေဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (၁၉)

လူနာဆောင်သစ်ဖွင့်

ယင်းသို့ ကြည့်ရှုအားပေးကြရာတွင် ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယမြို့တော်ဝန်တို့သည် နံနက် ၈နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့သို့ ရောက်ရှိကြ၍ ဘုရားလမ်းရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ ရန်ကုန်တောင်ပိုင်းခရိုင်နှင့် ခရမ်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ စည်းရုံးဆောင်ရွက်မှုဖြင့် အလှူရှင် ဦးသန်းထွန်း–ဒေါ်အေးမြိုင်မိသားစုတို့က ဆောက်လုပ်ပြီးစီးခဲ့သည့် အရေးပေါ်နှင့် ပြင်ပလူနာဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် အလှူရှင် ဦးသန်းထွန်းတို့က အရေးပေါ်နှင့် ပြင်ပလူနာဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်၊ ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့် ဧည့်သည်များသည် တန်ဖိုးငွေကျပ် ၆၅သိန်းဖြင့် ဆောက်လုပ်ပြီးစီးသွားသည့် အလျား ၃၆ပေ၊ အကျယ်ပေ ၂၀ ရှိ သွပ်မိုးတစ်ထပ်အဆောက်အအုံအရေးပေါ်နှင့် ပြင်ပလူနာဆောင်သစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့် ဧည့်သည်များသည် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများ စုစုပေါင်းအင်အား ၃၀၀ ဖြင့် ချုံနွယ်မြက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ထုံးဖြူးခြင်း၊ ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ခွဲစိတ်ခန်း၊ အမျိုးသား၊ အမျိုးသမီးလူနာဆောင်များနှင့် ဆေးဝါးများထားသိုမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဆေးရုံအုပ်ကြီးရုံးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနသို့ အရေးပေါ်နှင့် ပြင်ပလူနာဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖြိုးမေတ္တာ ကျန်းမာရေးစောင့်ရှောက်မှု အသင်း ဖွဲ့စည်းနိုင်ရန် အလှူငွေ မတည်ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ အစီအစဉ်အရ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က ဂုဏ်ပြုစကား ပြောကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းကျေးရွာနှင့် ဆက်စပ်ကျေးရွာတို့မှ ပြည်သူများ ကျန်းမာရေး ဆေးကုသမှုခံယူနေမှုကို ကြည့်ရှုအားပေးစဉ်။ (၁၉)

လွှဲပြောင်းပေးအပ်

ဆက်လက်၍ အလှူရှင် ဦးသန်းထွန်း၊ ဇနီး ဒေါ်အေးမြိုင်မိသားစုတို့က အရေးပေါ်နှင့် ပြင်ပလူနာဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က လက်ခံသည်။

ထို့နောက် ဖြိုးမေတ္တာ ကျန်းမာရေး စောင့်ရှောက်မှုအသင်း ဖွဲ့စည်းနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာ ပြည်သူများ ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှု အခြေအနေများကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဦးက လည်းကောင်း၊ ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံနှင့်ပတ်သက်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်စိုးက လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မ,တည်လှူဒါန်းပေး

ဆက်လက်၍ ဖြိုးမေတ္တာ ကျန်းမာရေး စောင့်ရှောက်မှုအသင်း ဖွဲ့စည်းနိုင်ရေးအတွက် ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ကော့မှူးမြို့နယ်ကို ငွေကျပ်သိန်း ၃၀၊ ကွမ်းခြံကုန်းမြို့နယ်ကို ငွေကျပ် ငါးသိန်းနှင့် ခရမ်းမြို့နယ်ကို ငွေကျပ် ၁၁ သိန်း မတည် လှူဒါန်းပေးရာ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလွင်ဦးက လက်ခံသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ခရမ်းမြို့နယ် ဖြိုးမေတ္တာ ကျန်းမာရေးစောင့်ရှောက်မှုအသင်း ဖွဲ့စည်းနိုင်ရေးအတွက် အလှူငွေများကို ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလွင်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (၁၉)

ထို့နောက် ခရမ်းမြို့နယ် ဖြိုးမေတ္တာ ကျန်းမာရေး စောင့်ရှောက်မှုအသင်း ဖွဲ့စည်းနိုင်ရေးအတွက် ခရမ်းမြို့နယ် ဌာနဆိုင်ရာများက အလှူငွေကျပ် နှစ်သိန်းတစ်သောင်း၊ ရွှေခြင်္သေ့ယာဉ်ပိုင်ရှင်များအဖွဲ့က ငွေကျပ်နှစ်သိန်း၊ ဦးမြင့်ဦး၊ ဒေါ်ခင်ခင်စိုး၊ ဦးတင်မောင်၊ ဒေါ်ကျင်နု၊ သမီး ဒေါ်မြင့်မြင့်သန်း၊ ဦးအောင်ဘလေ၊ ဒေါ်လှကြည် မိသားစု၊ ဦးသန်းထွန်း၊ ဒေါ်အေးမြိုင်၊ ဦးကြိုင်၊ ဒေါ်တင်တင်လှ၊ ဒေါ်ဖွား မိသားစု၊ ဒေါ်စန်းနှင့် တူ၊ တူမများက ငွေကျပ်တစ်သိန်းစီအပါအဝင် အလှူရှင် ၂၃ဦးတို့က ထည့်ဝင်လှူဒါန်းငွေကျပ် ၂၈သိန်း ခုနစ်သောင်းကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးတို့က လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဖြိုးမေတ္တာ ကျန်းမာရေး စောင့်ရှောက်မှုအသင်းကို ပြည်

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းကျေးရွာနှင့် ဆက်စပ်ကျေးရွာများမှ ပြည်သူများအား သမားတော်ကြီးများပါဝင်သည့် အဖွဲ့က ကျန်းမာရေးဆေးကုသမှု ဆောင်ရွက်ရာတွင် ကျေးလက်နေ သက်ကြီးရွယ်အိုလူနာများအား လူမှုရေးအသင်းအဖွဲ့ဝင်များက သမားတော်ကြီးများထံ ကူညီပို့ဆောင်ပေးကြစဉ်။ (၁၉)

ဟန်ချက်ညီစွာ အကောင်အထည်ဖော်ခဲ့

ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းကျေးရွာသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဟန်ချက်ညီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့၍ ယခင်ကနှင့်မတူ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးများ ဖွံ့ဖြိုးတိုးတက် ကောင်းမွန် စည်ပင်လျက်ရှိ။

မိုးစပါးများ အောင်မြင်နေသည့်အပြင် ဥယျာဉ်ခြံမြေ၊ မွေးမြူရေး စီးပွားဖြစ်ထွန်း

ရန်ကုန်တောင်ပိုင်းခရိုင်နှင့် ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းကာ ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းကျေးရွာ ဒေသပတ်ဝန်းကျင်နှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် ခရမ်း

ဒေါက်တာခရစ်စတိုဖာ၊ သားဖွားမီးယပ် အထူးကု ဆရာဝန်ကြီး ဒေါက်တာခင်လေးကြွယ်၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာရဲလွင်၊ သမားတော်ကြီး ဒေါက်တာဒေါ်ခင်သက်နှင့် သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ခရမ်းမြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်စိုးနှင့် ဝန်ထမ်းများ၊ ရန်ကုန်တောင်ပိုင်းခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဒေါ်ညိုညိုနှင့် တိုင်းရင်း

ဆောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကျေးလက်ဒေသ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြရာတွင် ကွမ်းမိုးဒိန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ဒေသခံပြည်သူများအား ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်က ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်းကောင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်က ပညာရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ရန်ကုန်တောင်ပိုင်း ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးဇော်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ကျန်းမာရေး လုပ်ငန်းစဉ်များကို လည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီး ငယ်ရွယ်လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်စန်းမြင့်က တိုင်းအမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းစဉ်များကို လည်းကောင်း အသိပညာပေးဟောပြောကြပြီး ကွမ်းမိုးဒိန်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးစောလှိုင်က ကျေးရွာနေ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ၂၁၀၀ ကို ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်ထံ ပေးအပ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် သမားတော်ကြီးများ ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းကျေးရွာသို့ ဆေးကုသမှုခံယူရန်ရောက်ရှိနေသော ကျေးရွာနေ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (၁၉)

ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း က ဦးဆောင်ပြီး ကျေးလက်နေ ငွေကြေးနွမ်းပါးသည့် ပြည်သူများ၊ သက်ကြီးရွယ်အိုများ၊ သာသနာ့နွယ်ဝင် ရဟန်းသံဃာတော်များနှင့် သီလရှင်များ၏ ကျန်းမာရေးအတွက် ဆေးဝါးကုသပေးခြင်း၊ ကုသမှုကုန်ကျစရိတ် စိုက်ထုတ်ထောက်ပံ့လှူဒါန်းပေးခြင်းတို့ကို စေတနာထက်သန်စွာ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းပေးကြောင်း သိရှိရသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဧည့်သည်များသည် ရန်ကုန်တိုင်း မြို့နယ် ကွမ်းမိုးဒိန်းကျေးရွာနှင့် ဆက်စပ်ကျေးရွာတို့မှ ပြည်သူများအား သမားတော်ကြီးများ ပါဝင်သည့်အဖွဲ့က ကျန်းမာရေးဆေးကုသမှု ဆောင်ရွက်ရာတွင် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်သန်း၊ မျက်စိ အထူးကု ဆရာဝန်ကြီး ဒေါက်တာကံညွှန့်၊ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာရဲမြင့်ကျော်၊ အရိုးအကြော အထူးကု ဆရာဝန်ကြီး ဆေး သမားတော်တို့က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ညောင်ပင်ကွင်း၊ ကျုံမရေ၊ ဝန်လေးဝ၊ ပုဂံတောင်၊ ပန်းတောချောင်၊ ရွှေဘိုစု၊ ကရင်စု၊ စွယ်တော်ကွင်း၊ သက်ကယ်ကုန်း၊ လက်ပံတန်းနှင့် ခရမ်းမြို့နယ်ရှိ ၁၂ရပ်ကွက်တို့မှ ပြည်သူများအား သက်ဆိုင်ရာကျန်းမာရေးလုပ်ငန်းများအလိုက် ကြပ်မတ်ကုသ ဆောင်ရွက်ပေးကြသည်။

သမားတော်အဖွဲ့က လူနာ ၂၉၆ဦး၊ ခွဲစိတ်ကုသမှုအဖွဲ့က လူနာ ၂၄ဦး၊ သားဖွားမီးယပ်အဖွဲ့က လူနာ ၂၃ဦး၊ ကလေးအထူးကုအဖွဲ့က လူနာ ၇၇ဦး၊ မျက်စိအထူးကုအဖွဲ့က လူနာ ၁၈၄ဦး၊ နှာခေါင်း၊ လည်ချောင်းအထူးကုအဖွဲ့က လူနာ ၇၄ဦး၊ အရိုးအကြောအထူးကုအဖွဲ့က လူနာ ၇၂ဦး၊ သွားနှင့်ခံတွင်း အထူးကုအဖွဲ့က လူနာ ၁၈ဦး၊ တိုင်းရင်းဆေးအဖွဲ့က လူနာ ၈၆ဦးနှင့် အာဟာရ တိုက်ကျွေးရေးအဖွဲ့က ၄၂ဦး စုစုပေါင်းလူနာ ၈၄၇ဦးတို့အား ကြည့်ရှုစစ်ဆေး ကုသပေးကြပြီး ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသရန် လိုအပ်သည့် လူနာစုစုပေါင်း ၁၀၉ဦးတို့၏ ဆေးဝါးကုသမှုနှင့် ကုန်ကျစရိတ်များကို ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျခံစောင့်ရှောက်ပေးမည်ဖြစ်၍ ယင်းလူနာများ ဆေးရုံတက်ရောက်ကုသချိန် တစ်လျှောက်လုံးနှင့် ကျန်းမာရေးကောင်းမွန်ပြီး မိမိနေရပ်သို့ ပြန်လည်ရောက်ရှိသည်အထိ အသင်းက အနီးကပ်ပြုစု

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းကျေးရွာနှင့် ဆက်စပ်ကျေးရွာတို့မှ ပြည်သူများအား သမားတော်ကြီးများပါဝင်သည့် အဖွဲ့က ကျန်းမာရေးဆေးကုသမှု ဆောင်ရွက်ရာတွင် ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာရဲမြင့်ကျော်က ဆေးကုသပေးစဉ်။ (၁၉)

ဆေးဖျန်း

အလားတူ ကွမ်းမိုးဒိန်းကျေးရွာနေ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စေရန် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ကျေးလက်စာကြည့်တိုက်၊ ကျေးလက်ဆေးခန်း၊ ဓမ္မာရုံနှင့် အခြေခံပညာအလယ်တန်းကျောင်း ပတ်ဝန်းကျင်တို့၌ ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်၊ ဒုတိယဝန်ကြီးတို့သည် ကွမ်းမိုးဒိန်း အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ကြီးရုံးခန်း၌ တန်ဖိုးငွေကျပ်တစ်သိန်းရှိ ကျောင်းသုံးဗလာစာအုပ် ၇၂ဒါဇင်ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းရီနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံကြသည်။

စီးပွားဖြစ်ထွန်း

ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းကျေးရွာသည် ဧရိယာအကျယ်အဝန်း နှစ်မိုင်ပတ်လည်ရှိပြီး အိမ်ခြေ ၂၈၁အိမ်၊ လူဦးရေ ၁၃၂၃ဦးရှိကာ လယ်ယာမြေဧက ၄၃၀၌ မိုးစပါးများ ဖြစ်ထွန်းအောင်မြင်နေသည့်အပြင် ဥယျာဉ်ခြံမြေများ၊ မွေးမြူရေးလုပ်ငန်းများဖြင့်လည်း စီးပွားဖြစ်ထွန်းလျက်ရှိသည်။

ထို့အပြင် မြင်းကောင်ရေ ၃၀အားရှိ မီးစက်မှ လျှပ်စစ်ဓာတ်အားရရှိနေပြီး ရုပ်မြင်သံကြားအစီအစဉ်နှင့် ဂြိုဟ်တုစလောင်းများပါ ကြည့်ရှုလေ့လာနိုင်ကြပြီး အသိပညာဗဟုသုတ တိုးပွားစေမည့် စာကြည့်တိုက်၊ ကျေးရွာပြည်သူများအတွက် ဆေးခန်းတစ်ခန်း၊ အချိန်တိုအတွင်း သွားလာနိုင်သည့် လမ်းများ၊ ဆက်သွယ်အသုံးပြုနိုင်သည့် တယ်လီဖုန်းတို့ဖြင့် ဖွံ့ဖြိုးတိုးတက် စည်ပင်လျက်ရှိသည်။

ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းကျေးရွာသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဟန်ချက်ညီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့၍ ယခင်ကနှင့်မတူ စီးပွားရေး၊ လူမှုရေး၊ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးများ ဖွံ့ဖြိုးတိုးတက် ကောင်းမွန်စည်ပင်လျက် ရှိနေပြီဖြစ်သည်။(သတင်းစဉ်)

မဟာဥယျာဉ်ပမာ ပြည်မြန်မာ

❒ မြန်မာပြည်ကို၊ သာကြည်တင့်လွင်
ပန်းဥယျာဉ်သို့၊ ယခုမြင်တွေ့နေရပြီ။

❒ မြန်ပြည်တစ်လွှား၊ လမ်းတံတားတို့
ပန်းအလားသို့၊ သွားလာမပျက်
ကျေးလက်မြို့ရွာ၊ မကွာမဝေး
အနီးလေးမို့၊ သွေးသားချင်းတို့ဆုံကြပြီ။

❒ မြန်ပြည်နှံ့ပြန်၊ ဆည်တမံတို့
ရေကန်အသင့်၊ ကြာလျှံပွင့်သို့
ရေမြင့်စေချင်၊ မြစ်ရေတင်တို့
ကောက်ပင်စပါး၊ ဝမ်းစာပွားအောင်
ရေရှားဒေသ၊ မကျန်ရတည့်
စိမ်းမြရုံနှယ်၊ ရောင်စုံခြယ်သည်
လယ်ယာမြေကြီး၊ ရွှေငွေသီး၍
အံ့ချီးဖွယ်ရာ၊ ပဒေသာသို့
မြေယာကွက်လပ် မကျန်ပြီ။

❒ မြန်မာ့ရေမြေ၊ တိုက်တာတွေဖြင့်
ဒေသနှစ်ဆယ့်လေး၊ ကျေးလက်ငါးရပ်
မူချမှတ်၍၊ နယ်စပ်မကျန်၊ ပြည့်လျှံမောက်ဖြိုး
စက်မှုမျိုးလည်း၊ ပုံ့ပိုးစွမ်းအင်
လျှပ်စစ်ဝင်၍၊ ပြည်ခွင်မြန်မာ
စည်ပင်သာ၍၊ မဟာဥယျာဉ်ပမာတည်း။

❒ မဟာဥယျာဉ်၊ မြန်ပြည်ခွင်ကို
ကြားဝင်ပိုးမွှား၊ ဖျက်သမားကို၊ ဖယ်ရှားနိုင်ယူ
ပြည်သူတပ်မတော်၊ မြတ်အဖော်တို့
တူပျော်စည်းရုံး၊ ရာသက်လုံးတိုင်၊
မြဲခိုင်စောင့်ကြပ်၊ သတိချပ်ဖို့
တပ်လှန့်နှိုးဆော်လိုက်ပါသည်။ ။

တက္ကသိုလ် တင်ခ

ဗဟန်းမြို့နယ် အာဇာနည်လမ်း မင်္ဂလာဗျူဟာအသင်းချုပ်အဆောက်အအုံရှိ ပိဋကဗျူဟာအဖွဲ့တွင် တိမ်မြုပ်နေသော ပိဋကတ်တော်များ ဖော်ထုတ်ပူဇော်ရန်အတွက် မတည်ပဒေသာပင်အလှူငွေကျပ် ၁၀သိန်းကို အလှူရှင် ပိဋကဗျူဟာအဖွဲ့ဒုတိယ ဥက္ကဋ္ဌ ဗိုလ်မှူးစောဝင်းသိမ်း(ငြိမ်း)-ဒေါ်လှဲ့လှဲ့မိုး မိသားစု ကမာရွတ်မြို့နယ် သံလွင်လမ်းက စက်တင်ဘာ ၂၀ရက်တွင် ပိဋကဗျူဟာအဖွဲ့ဥက္ကဋ္ဌ ဦးပွထံသို့ပေးအပ်လှူဒါန်းစဉ်။ (၂၃)



၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မြေပြင်အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်းက တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၃ရက် နံနက် ၉နာရီတွင် မိတ္ထီလာမြို့ မြေပြင်အတတ်သင် လေတပ်စခန်း အားကစားကွင်း၌ကျင်းပရာ အခမ်းအနားသို့ မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း၊ လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး၊ နယ်မြေခံတပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ မြေပြင်အတတ်သင်လေတပ်စခန်းမှ အုပ်မှူး၊ တပ်မှူးများ၊ အရာရှိ၊စစ်သည် မိသားစုဝင်များနှင့် သေနတ်ပစ်အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ အမျိုးသားတံခွန်စိုက်ဒိုင်းဆုရ မြေပြင်အတတ်သင်လေတပ်စခန်းအသင်းနှင့် အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုရအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုနှင့် တစ်ဦးချင်းဆုများကို တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသား/အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုရ မြေပြင်အတတ်သင် လေတပ်စခန်း အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူးဗိုလ်မှူးကြီး သူရခင်မောင်ဝင်းက တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့တွင်ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံမှ ရုပ်ရှင်နှင့်ဂီတအနုပညာရှင်များအဖွဲ့နှင့် မြန်မာနိုင်ငံမှ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားခန်းမ၌ တွေ့ဆုံစဉ်။

(သတင်းစဉ်)

ကိုရီးယား အနုပညာရှင်များအဖွဲ့နှင့် မြန်မာနိုင်ငံမှ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များ တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၄

ကိုရီးယားရုပ်ရှင်သရုပ်ဆောင်များ လေ့လာရေးလုပ်ငန်းစီမံချက်အရ ရန်ကုန်မြို့၌ ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံမှ ရုပ်ရှင်နှင့်ဂီတအနုပညာရှင်များအဖွဲ့သည် မြန်မာနိုင်ငံမှ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များနှင့် ယနေ့ နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ကိုရီးယားရုပ်ရှင်နှင့် ဂီတအနုပညာရှင်များက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားကြသည်။

ယင်းနောက် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို ကိုရီးယားရုပ်ရှင်နှင့်ဂီတ အနုပညာရှင်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး မြန်မာနိုင်ငံသို့ လာရောက်လေ့လာလည်ပတ် ခွင့်ရသည့်အတွက် အထူးပင် ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းဖြင့် ပြောကြားကြသည်။

အလားတူ ကိုရီးယားရုပ်ရှင်နှင့်ဂီတအနုပညာရှင်များနှင့် မြန်မာ့ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များသည် မွန်းလွဲပိုင်းတွင် ကုန်သည်ကြီးများဟိုတယ်၌ တွေ့ဆုံကြပြီး ရုပ်ရှင်နှင့်ဂီတအနုပညာဆိုင်ရာ ပညာရပ်များကို ခင်မင်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး၍ အမြင်ချင်းဖလှယ်ကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံမှ ရုပ်ရှင်နှင့် ဂီတပညာရှင်များအဖွဲ့နှင့် မြန်မာ့ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များတွေ့ဆုံပြီး ရုပ်ရှင်နှင့်ဂီတအနုပညာဆိုင်ရာ ပညာရပ်များကို ခင်မင်ရင်းနှီးစွာဆွေးနွေး၍ အမြင်ချင်း ဖလှယ်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံမှ ရုပ်ရှင်နှင့် ဂီတပညာရှင်များအဖွဲ့နှင့် မြန်မာ့ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များတွေ့ဆုံပြီး ရုပ်ရှင်နှင့်ဂီတအနုပညာဆိုင်ရာ ပညာရပ်များကို ခင်မင်ရင်းနှီးစွာဆွေးနွေး၍ အမြင်ချင်း ဖလှယ်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၉-၂၀၀၅ (တနင်္ဂနွေနေ့)

၁၃၆၇ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၈)ရက်(ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀ ၆။ အဆိုပြိုင်ပွဲ
၈း၂၀ ၇။ လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Islands of Dhamma.
၈း၅၀ ၁၀။ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊မဟာဓမ္မကထိက၊ဗဟုဇနဟိတဓရ) သဒ္ဓမ္မသီတဂူချောင်၊စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်။
၁၁း၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား" (အပိုင်း-၄၁)**
၁၂း၂၀ ၅။ **"ပညာဥယျာဉ်လူတိုင်း အကျိုးဝင် ပွင့်သောပန်းတိုင်း မွှေးစေချင်"**
၁၂း၃၅ ၆။ **"ပန်းပွင့်ပုံပြင်" (ညီထက်နိုင်၊မင်းညီ၊ ဆုပန်ထွာ၊သက်ထားဦး) (ဒါရိုက်တာ-သက်တင်)**
၁း၄၅ ၇။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ(သိုင်း)
၁း၅၅ ၈။ အတီးပြိုင်ပွဲ
၂း၀၀ ၉။ **"ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်" (လွင်မိုး၊ထွန်းထွန်းဝင်း အိန္ဒြာကျော်ဇင်၊ခင်သန်းနွယ်) (ဒါရိုက်တာ-စိုးကျော်ဆန်း)**
၂း၂၀ ၁၀။ တေးဂီတအစီအစဉ်
၂း၃၅ ၁၁။ ဆင်ဖြူရှင်တံတား
၂း၄၅ ၁၂။ International News.
၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၅ ၄။ ဓမ္မာစကြာဝတ်ရွတ်ပြိုင်ပွဲ (ဒုတိယဆု) အထက(၂)စမ်းချောင်း
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၅း၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅း၃၀ ၇။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ဓမ္မပူဇာတေး) (ဝါသနာရှင်အဆင့်) (အမျိုးသမီး)
၅း၄၀ ၈။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၅း၅၀ ၉။ ဆိုကြမယ်၊ပျော်ကြမယ်
၆း၃၀ ၁၀။ ညနေခင်းသတင်း
၇း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိမ်းလဲ့မေတ္တာကန်သာယာ" (အပိုင်း-၁၀)**
၇း၃၅ ၁၃။ ဝေဠုဝန်ခေါ်ရုပ်ပွားတော် ထင်ပေါ်ကျော်ကြားစစ်ကိုင်း ငါးထပ်ကြီးဘုရား
၇း၄၅ ၁၄။ အလှပန်းများတိုးပွားဝေဆာ ထုံးအိုင်နှင့် ခရားအတွင်းကျေးရွာ
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထာဝရချစ်သူ" (အပိုင်း-၁၁)**
၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

တိုင်းမှူးဗိုလ်မှူးချုပ်မင်းအောင်လှိုင် ဆေးရုံသုံးစက်ပစ္စည်းလှူဒါန်းပွဲတက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၃

ကျိုင်းတုံမြို့ နယ်မြေခံတပ်မတော်ဆေးရုံသို့ ဆေးရုံသုံး (Ultrasound Scanner) စက် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ရက် နံနက်ပိုင်းတွင် အဆိုပါဆေးရုံခန်းမဧည့်ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များတက်ရောက်ကြသည်။

လက်ခံယူ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က ဆေးရုံသုံး Ultrasound Scanner စက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ နယ်မြေခံတပ်မတော်ဆေးရုံမှ ဒုတိယဗိုလ်မှူးကြီး နေလင်းက လက်ခံရယူသည်။

ဆက်လက်၍ ဒုတိယဗိုလ်မှူးကြီး နေလင်းက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

လှူဒါန်း

အဆိုပါ ဆေးရုံသုံး Ultrasound Scanner စက်အား တြိဂံဒေသ တိုင်းစစ်ဌာနချုပ် အရာရှိစစ်သည် မိသားစုများက လှူဒါန်းငွေကျပ် သိန်း ၆၀၊ တာချီလိတ်မြို့နယ်မှ အလှူရှင်များဖြစ်ကြသည့် ဦးယေရှဲနှင့်ဇနီး ဒေါ်ဂျက်စီ မိသားစု၊ ဦးသိန်းထိုက်နှင့် ဦးမြင့်ဌေး (ရတနာဖြိုး စက်သုံးဆီရောင်းဝယ်ရေး)တို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးစိုင်းနွန်နှင့် ဇနီး ဒေါ်နန်းစံဟွမ် မိသားစု (ရွှေရေကန် ကုမ္ပဏီလီမိတက်)၊ ဦးစိုးရှိန်နှင့်ဇနီး ဒေါ်နန်းကျင်ထွေး မိသားစု (ရွှေငါးအိမ် ဆေးပစ္စည်းရောင်းဝယ်ရေး)၊ ဦးတင်လှိုင်နှင့်ဇနီး ဒေါ်နန်းမိမိလေး မိသားစု (ဆွေတော်လင်းမိသားစုရောင်းဝယ်ရေး)တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးကျော်ငြိမ်းနှင့်ဇနီး ဒေါ်နန်းခမ်းဆောင်မိသားစုက ငွေကျပ်နှစ်သိန်းနှင့် တာချီလိတ်မြို့နယ်မှ စုပေါင်းလှူဒါန်းငွေကျပ် သုံးသိန်း စုစုပေါင်း ငွေကျပ်သိန်း ၁၀၀အကုန်အကျခံ လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းဧည့်အဖွဲ့နှင့် စင်ကာပူဧည့်အဖွဲ့လာရောက်တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Company Limited မှ Regional Manager Mr.Nathapong နှင့် အဖွဲ့သည် စက်တင်ဘာ ၂၂ရက် ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

အလားတူ ဝန်ကြီးအား စင်ကာပူ သမ္မတနိုင်ငံ New Skies Satellite မှ အာရှ-ပစိဖိတ်ဒေသ ညွှန်ကြားရေးမှူး Mr. Matthew Oh နှင့် အဖွဲ့သည် စက်တင်ဘာ ၂၃ရက် မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Company Limited မှ Regional Manager Mr. Nathapong နှင့်အဖွဲ့ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၉-၂၀၀၅ (တနင်္ဂနွေနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ တေးဂီတအစီအစဉ်
၇း၁၀ ကောင်းကင်ယံကအန္တရာယ်
၇း၂၀ ပြည်တွင်းသတင်းအကျဉ်း
၇း၂၅ ဗွီစီဒီမိတ်ဆက် (ဆုန်သင်းပါရဲ-'ဆက်ရန်')
၇း၅၀ သပွတ်ဖူးမြော်ငါးထပ်ကြီးနှင့် ခြောက်ထပ်ကြီး ဆုတောင်းပြည့်ရုပ်ပွားတော်
၈း၀၀ နိုင်ငံတကာသတင်းအကျဉ်း
၈း၀၅ Sunday Talk
၉း၀၀ တေးဂီတအစီအစဉ်
၉း၀၅ ကိုယ်ဝန်ဆောင်မိခင်များနှင့် HIV/AIDS ရောဂါ
၉း၁၅ ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ တေးဂီတအစီအစဉ်
၉း၂၅ လက်ဆင့်ကမ်းဝေဂီတအမွေ
၉း၅၅ တေးဂီတအစီအစဉ်
၁၀း၀၀ သစ်ခွ
၁၀း၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀ တေးဂီတအစီအစဉ်
၁၀း၂၅ ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း
၁၀း၃၀ မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ တေးဂီတအစီအစဉ်
၁၀း၄၀ နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၉း၀၀ ပွဲကြိုသုံးသပ်ချက်(၁)
လိုင်း 5-Cartoons(Live)
၉း၃၀ Middlebrough-Sunderland
လိုင်း 5-Cartoons(Live)
၁၁း၃၀ Final Score
လိုင်း 5-Cartoons(Live)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၄-၉-၂၀၀၅)

ရေး
၅ ဒသမ ၇၁ လက်မ

မချမ်းဘော
၃ ဒသမ ၅၀ လက်မ

ခန္တီး
၁ဒသမ ၉၃လက်မ

သထုံ
၁ ဒသမ ၇၂ လက်မ

ဘားအံ
၁ ဒသမ ၆၁ လက်မ

မော်လမြိုင်
၁ ဒသမ ၅၃ လက်မ

စစ်တောင်းမြစ်ရေ ကျဆင်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၄

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ဝ၆း၃၀နာရီအချိန်တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၇၇စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

စက်တင်ဘာ ၂၄ရက်က ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၁၄)လမ်း အမှတ်(၉၂-၉၆)တွင် NICE DAY ဟိုတယ်ဖွင့်ပွဲကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်ရွှေနှင့် Nice Day ဟိုတယ်ဥက္ကဋ္ဌ ဦးတင်မြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ကမ္ဘာ့နှလုံးကျန်းမာရေးနေ့

World Heart Day

(၂၅-၉-၂၀၀၅)

အချိုးကျလှပ ကျန်းမာဖို့ ကိုယ်အလေးချိန် ထိန်းကြစို့

"Healthy Weight and Healthy Shape"

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဖိုးစိန်လမ်းနေ ဒေါက်တာမောင်မောင်နိုင်-ဒေါက်တာ ခင်သက်အောင်တို့၏ (၁၀)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးရန်အတွက် ငွေကျပ် တစ်သိန်းသုံးသောင်း ငါးထောင်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေး အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝန်ကြီးဗိုလ်ချုပ်ဌေးဦး မန္တလေးတိုင်းနှင့် မကွေးတိုင်းရှိ ရေလှောင်တမံများ စစ်ဆေး သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ထုတ်လုပ်မှုတိုးတက်မြင့်မားရေး မှာကြား

ရန်ကုန် စက်တင်ဘာ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် စက်တင်ဘာ ၁၇ ရက်တွင် မန္တလေးတိုင်း ကျောက်ပန်းတောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကျောက်ပန်းတောင်းမြို့နယ်ရှိ ကြက်မောက်တောင်ရေလှောင်တမံရေဝင်မှုကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းက နှစ်အလိုက်၊ လအလိုက် မိုးရွာသွန်းမှု၊ ဆည်ရေရရှိမှု၊ မိုးစပါး ၆၈၂၃ ဧကစိုက်ပျိုးပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ကြက်မောက်တောင်ရေလှောင်တမံသို့ ကျောက်တံခါးနှင့် တောင်ရေ-ရေလှောင်တမံတို့မှ ဆက်သွယ်တူးမြောင်းဖြင့် ရေကူဖြည့်ပေးနေမှုကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးက မြို့နယ်စိုက်ပျိုးရေး လုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်အောင် လုပ်ငန်းဌာနအသီးသီး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရေး၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ရေး၊ သီးနှံအလိုက် သတ်မှတ်ပေးထားသည့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ပျိုးကေတိုးချဲ့ရေး၊ တစ်ဧကစိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် လျော့နည်းကျဆင်းရေး၊ လေလွင့်မှုနည်းပါးရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ရေထုတ်ပြွန်မှ ရေပေးမှုနှင့် တမံအတွင်း ဆည်ရေဝင်မှုကို ကြည့်ရှုစစ်ဆေးပြီး တောင်ရေ-ရေလှောင်တမံမှ ကြက်မောက်တောင် ရေလှောင်တမံသို့ ရေကူဖြည့်ပေးသည့် ဆက်သွယ်တူးမြောင်းမှ ရေစီးဝင်မှုနှင့် ကြက်မောက်တောင် ရေလှောင်တမံသို့ မူလစီးဝင်သည့် ကျောက်ပုံချောင်းမှ ရေစီးဝင်မှုတို့ကိုလည်းကောင်း၊ တောင်ရေ-ရေလှောင်တမံနှင့်ကြက်မောက်တောင်ဆက်သွယ်တူးမြောင်းပေါ်ရှိ ကားလမ်းဖြတ် ဥမင်လိုဏ်အထွက်ပိုင်းနေရာနှင့် အဝင်ပိုင်းနေရာတို့မှ ရေစီးဝင်မှုကိုလည်းကောင်း၊ ဆက်သွယ်တူးမြောင်း တစ်လျှောက် ရေလမ်းကြောင်းများကိုလည်းကောင်း၊ တောင်ရေ-ရေလှောင်တမံ၏ ရေဝင်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည်တောင်ရေ-ရေလှောင်တမံမှ ဆက်သွယ်တူးမြောင်းတစ်လျှောက်နှင့် ရေထိန်းတမံ(၅)၏ ရေဝင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရေထိန်းတမံ(၅)သည် အလျားပေ ၁၃၈၀၊ တမံအမြင့် ၃၈ ပေရှိပြီး တမံအတွင်း ရေဝင်ရရှိနေပြီ ဖြစ်သည်။

ရေထိန်းတမံ

ထို့နောက်ဝန်ကြီးသည်စပါးစိုက်ခင်းများ၊ ဆက်သွယ်မြောင်းတစ်လျှောက်နှင့် ရေထိန်းတမံ (၄)တို့ကို ကြည့်ရှုစစ်ဆေးသည်။ ရေထိန်းတမံ(၄)သည် တမံအလျား ၁၃၅၅ ပေနှင့် တမံအမြင့် ပေ ၅၀ ရှိပြီး တမံအတွင်း ရေဝင်လျက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးသည် ဆက်သွယ်တူးမြောင်းမှ တမံ(၃)သို့ သွားရောက်ပြီး တူးမြောင်းတစ်လျှောက်ရှိ ရေကျော်အဆောက်အအုံများ၊ ရေပိုလွှဲများကို ကြည့်ရှုစစ်ဆေးသည်။ ရေထိန်း တမံ(၃)သည် တမံအလျား ၇၀၅ပေနှင့် တမံအမြင့် ၃၉ ပေရှိသည်။

ယင်းနောက် ဝန်ကြီးသည် ရေထိန်းတမံ (၃) မှ ရေထိန်းတမံ(၂)သို့ ပြီးစီးသွားသော ဆက်သွယ် တူးမြောင်းမှ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ရေထိန်းတမံ(၂)သည် အလျားပေ ၂၈၇၀ ရှည်ပြီး တမံအမြင့် ၆၉ ပေ ရှိသည်။

ကျောက်တံခါးရေလှောင်တမံ

ဆက်လက်၍ ဝန်ကြီးသည် ဆက်သွယ်တူးမြောင်းမှ တမံအလျားပေ ၂၇၅၀၊ တမံအမြင့် ၆၉ ပေရှိသည့် ရေထိန်းတမံ(၁)၏ ရေဝင်မှုကို ကြည့်ရှုစစ်ဆေးပြီး ဆက်သွယ်တူးမြောင်းမှ မကွေးတိုင်း နတ်မောက်မြို့နယ်ရှိ ကျောက်တံခါး ရေလှောင်တမံသို့ ရောက်ရှိ၍ ရေပိုလွှဲ၊ ပင်မတမံနှင့် ရေထုတ်ပြွန်၊ ရေထိန်းမျှော်စင်ကို လည်းကောင်း၊ ပင်မမြောင်းမှ ရေကိုမြောင်းခွဲ ရေတံခါး(၂)ခုဖြစ်သော မကွေးတိုင်းရှိ ပင်းချောင်းရေလှောင် တမံသို့ ရေချနိုင်သည့် ရေတံခါးနှင့် တောင်ရေရေလှောင် တမံသို့ ရေချနိုင်သည့် ရေတံခါးများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တစ်အုပ်တစ်မစိုက်ပျိုး

ယင်းနောက် ဝန်ကြီးသည် ရှင်းလင်းဆောင်၌ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်းနှင့် နတ်မောက်မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဝန်ထမ်းများအား တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ စိုက်ပျိုးရေစနစ်တကျ အသုံးပြုရေး၊ စိုက်ပျိုးပြီးသီးနှံများ ဖြစ်ထွန်းအောင်မြင်ရေး၊ ရေလှောင်တမံရေဝေရေလဲဧရိယာတွင် ဝင်ငွေရသီးနှံတစ်အုပ်တစ်မ စိုက်ပျိုးရေးတို့ကို မှာကြားသည်။

(သတင်းစဉ်)

ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဆောက်လုပ်ရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စောထွန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းခွင် တွင်ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

ပညာရေး ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဦးစောလွင် လိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ ရောက်ရှိရာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အစည်းအဝေးခန်း၌ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များက မိမိတို့ဌာနရှိ ဆရာ၊ ဆရာမများဦးရေ၊ ကျောင်းသား ကျောင်းသူများဦးရေနှင့် ဌာနအလိုက် ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများကို တင်ပြကြသည်။

အားသွန်ခွန်စိုက်

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးက ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ (ဌာနမှူး)များအား ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာ အဆင့်မီအောင် ဆောင်ရွက်ရန်၊ သင်ထောက်ကူပစ္စည်းများ အပြည့်အဝ အသုံးချ ဆောင်ရွက်ရန်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စည်းကမ်းနှင့် စိတ်ဓာတ် ပိုမိုကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ကြရန်၊ နိုင်ငံအကျိုးပြု သုတေသနများကို အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန် မှာကြားသည်။

နိုင်ငံအကျိုးပြု

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးသည် သတ္တဗေဒဌာန၊ ရုက္ခဗေဒဌာနနှင့် ဘူမိဗေဒဌာနများသို့ လှည့်လည်၍ ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ တက္ကသိုလ်များမှ ဆောင်ရွက်ရသော သုတေသနများသည် နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ ဖြစ်လာစေရန် မှာကြားသည်။

(သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့တည်ဆောက်ရေးလုပ်ငန်း ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်း စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်းတို့ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းက ပြည်ပခရီးသည် အဝင်ခန်းမဆောင် ပြုပြင်မွမ်းမံပြီးစီးမှု၊ တိုးချဲ့အဆောက်အအုံပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် စီမံကိန်းအင်ဂျင်နီယာ ဦးကျော်ဆွေက လေယာဉ်ရပ်နားနေရာ ကွန်ကရစ်လွှာခင်းခြင်းလုပ်ငန်းပြီးစီးမှု၊ မြေအောက်မြောင်းဖောက်လုပ်ပြီးစီးမှု၊ လျှပ်စစ်မီး တပ်ဆင်မည့် အစီအစဉ်များ၊ မော်တော်ယာဉ်ရပ်နားနေရာ တည်ဆောက်ပြီးစီးမှု၊ လေယာဉ်ဆီဖြည့်ကန် တည်ဆောက်မည့် အစီအစဉ်များကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြပြီး စီမံကိန်းလုပ်ငန်းတွင် အသုံးပြုသည့် ခေတ်မီအဆင့်မြင့် ပစ္စည်းနမူနာများကို ပြသရှင်းလင်းရာ ဝန်ကြီးများက လိုအပ်သည်များကို မှာကြားကြသည်။

ထို့နောက် ဝန်ကြီးများသည် လေဆိပ်အဆောက်အအုံ မျက်နှာစာပိုင်းပြီးစီးမှု၊ အမိုးများပြီးစီးမှု၊ ပြည်ပအဝင်ခန်းမဆောင်နှင့် တိုးချဲ့အဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ လေယာဉ်ရပ်နားနေရာ ပြီးစီးမှု အခြေအနေများ၊ Boarding Bridge တပ်ဆင်မည့် လုပ်ငန်းများ စတင်ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် ပြည်ပခရီးသည် နားနေဆောင်မှာ မူလကအလျားပေ ၃၄၀နှင့် အကျယ်ပေ ၁၄၀ ရှိရာမှ အလျားပေ ၈၀၀နှင့် အကျယ်ပေ ၂၀၀ရှိ နှစ်ထပ်ခွဲဆောင်အဖြစ် တိုးချဲ့တည်ဆောက်လျက်ရှိသည်။ ထို့ပြင် ခရီးသည်များ လေယာဉ်ပေါ် တိုက်ရိုက်တက်၊ ဆင်းနိုင်သည့် Boarding Bridge လေးခု တပ်ဆင်ထားသည့် နိုင်ငံတကာ အဆင့်မီ လေဆိပ်ကြီး တစ်ခုအဖြစ် တိုးချဲ့တည်ဆောက်နေခြင်းဖြစ်ပြီး ပေ ၆၀၀ ပတ်လည် လေယာဉ်ရပ်နားနေရာကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် သတ္တဗေဒဌာန၊ ရုက္ခဗေဒဌာနနှင့် ဘူမိဗေဒဌာနများ၌ ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ပညာရေး)

သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ၏ တရားပွဲများ

ရန်ကုန် စက်တင်ဘာ ၂၄

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာနဆရာတော် သာသနဓဇဓမ္မာစရိယ ဓမ္မကထိကဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် တရားတော်များဟောကြားမည်ဖြစ်ရာ တော်သလင်းလပြည့်ကျော် ၁၄ ရက် ည ပွင့်လန်းဓမ္မာရုံ၊ ရွှေဘိုမြို့၊ ၁၅ ရက်တွင် ကျစ္စာချောင် စစ်ကိုင်း၊ ရွှေခြည်ထိုးရပ်ဓမ္မာရုံ၊ ၃၄လမ်း မန္တလေး၊ သီတင်းကျွတ်လဆန်း ၁ ရက်ည၌ အကျွတ်အလွတ်ပွဲ ဆုတောင်းပြည့်ဘုရားဟေမာဇလရပ်၊ မန္တလေး၊ ၂ ရက်နှင့် ၃ရက်တွင် နာရေးကူညီမှုအသင်း၊ မကွေးမြို့၊ ၄ ရက်ည၌ ထန်းတောရပ်၊မုံရွာ၊ ၅ ရက်ည၌ သုံးဆူဘုရားဗုဒ္ဓပူဇနိယ၊ မြင်းခြံမြို့၊ ၆ ရက်ည၌ ကသဲဝင်းဓမ္မာရုံ၊ ၂၉လမ်း မန္တလေး၊ ၇ ရက်ည၌ ရွှေပြည်သာကုမ္ပဏီ ဗုဒ္ဓပူဇနိယ၊ ချောင်းဦးမြို့၊ ၈ ရက်ည၌ အေးသုခဓမ္မာရုံ၊ ၂၂X၂၃ကြား ၈၀ လမ်း မန္တလေး၊ ၁၀ ရက်ညတွင် မဟာဝိသုဒ္ဓါရာမ စာပြန်ပွဲ၊ အရှေ့ပြင် မန္တလေး၊ ၁၁ ရက်ညတွင် ရွှေကွန်ချာဘုရား၊ အမရပူရမြို့၊ ၁၂ ရက်ညတွင် တာဝတိံသာဘုရား နန္ဒာဝန်မြို့သစ်မုံရွာ၊ ၁၃ ရက်ညတွင် အောင်ဇေယျာဘုံဆွမ်းလောင်းမုံရွာ၊ ၁၄ ရက်ညတွင် စော်ရဲရွာ ဗုဒ္ဓပူဇနိယ စဥ့်ကိုင်၊ ၁၅ ရက်ညတွင် သကျမုနိကြည့်မြင်တိုင်၊ ရန်ကုန်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်ည၌ ရှင်ဘို့မယ်ဘုရား မန္တလေးနှင့် ၂ ရက်ညတွင် သစ်လွင်ဓမ္မာရုံ ၁၇ လမ်း မန္တလေး ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

(က-ပ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ်တွင် အသင်းလုပ်ငန်းများဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ ၂၃ရက်တွင် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် အလှူရှင်များက နာရေးကူညီမှု အသင်းသို့ အလှူငွေ ကျပ် ခြောက်သိန်းနှစ်သောင်းကို လှူဒါန်းကြသည်။ ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပသည့် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅)သို့ တက်ရောက်ပြီး ရှေးဦးစွာ အသင်းဝင်ကျောင်းသား၊ ကျောင်းသူများက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သီချင်းကို သီဆိုကာ အစည်းအဝေးကို ဖွင့်လှစ်ပေးကြသည်။

ဆုချီးမြှင့်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူ ၅၁ဦးတို့အား ဆုများကိုချီးမြှင့်ကြသည်။

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅)တွင် အမှာစကားပြောကြားစဉ်။
(သစ်တောရေးရာ)

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် ထန်းပင်ကုန်း အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲနှင့် အသင်းဝင် အသိအမှတ်ပြု ကတ်ပြားပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က ကျေးရွာ ရပ်မိရပ်ဖများ၏ တင်ပြချက်များအပေါ် ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် တစ်ဦးက အသင်းဝင်အဆိုပြုလွှာ ၁၅၃၀ ကို ဗဟိုအလုပ်အမှုဆောင်ထံ ပေးအပ်သည်။

အမှာစကားပြောကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က အသင်းဝင် အသိအမှတ်ပြုကတ်ပြားများကို ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် မဲဇလီကုန်းမြို့၌ ဗိုလ်အောင်ကျော် ခန်းမတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရပ်မိရပ်ဖများက ခန်းမတည်ဆောက်နေမှုနှင့် လိုအပ်ချက်များကို တင်ပြကြပြီး ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်မည်

ရန်ကုန် စက်တင်ဘာ ၂၄

လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားပျော့နေသည်။

စက်တင်ဘာ ၂၅ရက်ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်မည်။

မြန်မာလိဂ် အဆင့်မြှင့်တန်းအမှတ်ပေးပွဲဆက် စီးပွား/ကူးသန်း၊ ဘဏ္ဍာ/အခွန်၊ ကမ္ဘောဇနှင့် စွန်ရဲအနိုင်ရ

ရန်ကုန် စက်တင်ဘာ ၂၄

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြှင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် သတ်မှတ်ထားသော ဘောလုံးကွင်းများတွင် ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်း၊ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်၊ ကမ္ဘောဇနှင့် စွန်ရဲအသင်းတို့ အနိုင်ရရှိကြသည်။

(ပဒုမ္မာကွင်း)

စီးပွား/ကူးသန်း	**သုံးဂိုး**

(ကျော်ဇင်ဝင်း-နှစ်ဂိုး၊ ဘိုဘိုအောင်-တစ်ဂိုး)

လယ်ယာ/ဆည်မြောင်း	**ဂိုးမရှိ**
ဒိုင်လူကြီး	**ဦးသိန်းမြိုင်**

(သုဝဏ္ဏကွင်း)

ကမ္ဘောဇ	**တစ်ဂိုး**
သစ်တောရေးရာ	**ဂိုးမရှိ**

(အောင်ဆန်းကွင်း)

ဘဏ္ဍာ/အခွန်	**ခြောက်ဂိုး**
ရထားပို့ဆောင်ရေး	**တစ်ဂိုး**

(ပဒေသာကွင်း)

စွန်ရဲ	**နှစ်ဂိုး**
တပ်မတော် ကြည်း (က)	**ဂိုးမရှိ**

ယနေ့ပွဲ

ညနေ ၃နာရီခွဲ

(သုဝဏ္ဏကွင်း)

ပို့ဆောင်ရေးနှင့်ပြည်ထဲရေး

(အောင်ဆန်းကွင်း)

မြို့တော်စည်ပင်နှင့် စွမ်းအင်

(ပဒေသာကွင်း)

ဆောက်လုပ်ရေးနှင့် လယ်ယာထွက်ကုန်

(ပဒုမ္မာကွင်း)

ကာကွယ်ရေးနှင့် တံခွန်

(ကြေးမုံ)

ကြံခင်း အထက မြတ်ဆရာပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၂၄

ကြံခင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၁၇ ရက် (သီတင်းကျွတ်လပြည့်နေ့) တနင်္လာနေ့ နံနက် ၉နာရီတွင် ကြံခင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ တာဝန်ထမ်းဆောင်ခဲ့ဖူးကြသော အသက် (၆၀)အထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ အကန်တော့ခံ ကြွရောက်ပါရန်နှင့် တပည့်အားလုံး တက်ရောက်နိုင်ကြရန် ဖိတ်ကြားထားသည်။

အလှူငွေများကို ဦးစန်းလွင် ၀၁-၂၅၂၁၃၇၊ ဦးသိန်းဌေး ၀၁-၂၂၇၂၃၃၊ ဒေါ်တင်တင်ထွေး ၀၁-၅၄၁၀၆၅၊ ဒေါ်ကြင်ရီ ၀၁-၂၂၆၆၃၇၊ ဦးမျိုးဌေး ၀၄၄-၄၀၁၀၃၊ ဦးသိန်းတင် ၀၄၄-၄၀၁၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း (၅)ရပ်ကွက် အမှတ် (၃)ဝိုင်းအတွင်း သီတင်းသုံးအပူဇော်ခံလျက်ရှိသော ဆုတောင်းပြည့် ကြေးတော်ကြီးဘုရား ဂန္ဓကုဋိတိုက် ဆောက်လုပ်ရန်အတွက် ပဲခူးမြို့ ရှင်စောပုရပ်ကွက် ဆိုရှယ် (၁၂)လမ်းနေ ဒေါ်ထူးထူးက အလှူတော်ငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ အကျိုးတော်ဆောင် ဒေါ်မြင့်မြင့် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကရဏာရှင်များအသင်း ဓမ္မပူဇာပွဲများကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၄

မကွေးမြို့ ကရုဏာရှင်များ နာရေးကူညီမှုအသင်း သုံးနှစ်ပြည့် အထိမ်းအမှတ် အထူးဓမ္မသဘင်ပွဲကို မကွေးမြို့ ဂုဏ်တော ကျောင်းတိုက်ဝင်းအတွင်း စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၉ ရက်အထိ ညစဉ် ၇နာရီမှ စတင်၍ ဘဒ္ဒန္တနန္ဒော ဘာသာဘိဝံသ (ကျိုက်ထိုဆရာတော်)၊ ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ဓမ္မစေတီ အရှင်ကောသလ္လ၊ ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ (မြင်းခြံဆရာတော်)၊ ဘဒ္ဒန္တဝံသပါလာလင်္ကာရ (မြင်းမူဆရာတော်)၊ ဘဒ္ဒန္တပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)၊ အရှင်အာစာရလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)၊ တွံတေးအရှင်ဣန္ဒက အရှင်သူမြတ်တို့က အထူးဓမ္မသဘင် ကျင်းပခြင်း၊ အောက်တိုဘာလ ၁ရက်နေ့ အသင်းတည်ထောင်သည့် သုံးနှစ်ပြည့် အခမ်းအနားတွင် မကွေးမြို့ပေါ်ရှိ စာချ၊ စာသင် သံဃာတော် ၂၀၅၅ပါးတို့အား အရုဏ်ဆွမ်းလောင်းလှူခြင်း၊ သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ကြီးနှင့် မကွေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလတို့ အမှူးပြုသော ဩဝါဒါစရိယ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ ဆရာ တော်ကြီးများထံမှ ဩဝါဒခံယူခြင်းများကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

Summit Parkview Hotel ၏ နှစ်စဉ်ကျင်းပသည့် လူမှုရေးအသင်းအဖွဲ့များအတွက် အလှူငွေပေးအပ်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် Summit Parkview Hotel အထွေထွေမန်နေဂျာ Mr. Alex Wang က ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အင်တိုက်အားတိုက်

စီးပွား/ကူးသန်းမှ မျိုးမင်းထွန်းနှင့် လယ်/ဆည် နောက်ခံလူတို့ အင်တိုက်အားတိုက် ကစားကြစဉ်။ (ကြေးမုံ)

လူမှုရေးအသင်းအဖွဲ့များအတွက် အလှူငွေပေးအပ်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

Summit Parkview Hotel ၏ နှစ်စဉ်ကျင်းပသည့် လူမှုရေး အသင်းအဖွဲ့များအတွက် အလှူငွေပေးအပ်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယမန်နေ့ ည ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလုံလမ်းရှိ Summit Parkview Hotel, Grand Ball Room ၌ ကျင်းပသည်။

ရှေးဦးစွာ Summit Parkview Hotel အထွေထွေမန်နေဂျာ Mr. Alex Wang က ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပရခြင်းနှင့် ဂုဏ်ပြု ညစာစားပွဲ အခမ်းအနားမှ လက်မှတ်ရောင်းချရရှိသည့် ငွေများကို လူမှုရေးအသင်းအဖွဲ့များအတွက် ပေးအပ်လှူဒါန်းသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

Summit Parkview Hotel သည် ယမန်နှစ်ကလည်း မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့သည့်အပြင် ယခုနှစ်တွင် ကျင်းပသည့် ဂုဏ်ပြုညစာ စားပွဲအခမ်းအနား တက်ရောက်ခွင့် လက်မှတ်ရောင်းချရရှိသည့် ငွေကျပ် ၂၅သိန်းကိုလည်း မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသို့ ဆက်လက်ပေးအပ်လှူဒါန်းသွားမည်ဖြစ်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံလုပ်ငန်းများ အတော်အတန်ပြီးစီး၍ ခရီးပေါက်သင့်သလောက်ပေါက်လာ ပြည်တွင်း၊ ပြည်ပမှ မနာလိုမရှုဆိတ်သူများနှင့် မီဒီယာအချို့က မလိုတမာ ပြောကြားလျက်ရှိ

အမျိုးသားညီလာခံ အောင်မြင်ရေးသည် ဒီမိုကရေစီနိုင်ငံ ကူးပြောင်းရေးအတွက် အလွန်အရေးကြီး ပထမဆုံးခြေလှမ်းလည်းဖြစ်သည့်အတွက် မဖြစ်မနေ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၄

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေး အမှတ်စဉ် (၅/၂၀၀၅)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❋

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေး အမှတ်စဉ် (၅/၂၀၀၅)တွင် ဆွေးနွေးမှာကြားစဉ်။
(အပေါ်ပုံ) (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်ဇနီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်သံအမတ်ကြီး၏ နှုတ်ဆက်ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်ဇနီး ဒေါ်စန်းစန်းရီတို့သည် ယမန်နေ့ ညပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun ၏နှုတ်ဆက်ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

ယင်းနှုတ်ဆက်ညစာစားပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ထင်အောင်ကျော်၊ ဗိုလ်ချုပ်မြဝင်းနှင့် ဗိုလ်ချုပ်သန်းအောင်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက၊ ဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်ဇနီးဒေါ်စန်းစန်းရီ တာဝန် ပြီးဆုံး၍ပြန်လည်ထွက်ခွာ တော့ မည့် ပြည် ထောင် စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)